# မြဝတီ (The Mirror Daily)

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 27 December 2016 (၈၇၈၈)


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်စက်မခံရဘဲ နေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲ နေခြင်းသည်လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ မောင်တောဒေသဖြစ်စဉ်များ၏ အဖြစ်မှန်ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ ၃/၂၀၁၆ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြား သည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာသက်သက်ဇင်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့် ဆွေ၊ ဦးစောသလေးစော၊ ဒေါ်ကျိန် ငိုက်မန်၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်၊ ဒေါက်တာလှမောင်၊ ဦးသာညဏ်၊ အတွင်းရေးမှူး ဦးဇော်မြင့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ၃/၂၀၁၆ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးတွင် အများပိုင်ယာဉ်လိုင်းများ ထပ်မံပေါ်ပေါက်လာမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

လာမည့် ၂၀၁၇ ခုနှစ် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အများပိုင် ယာဉ်လိုင်းများ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးစနစ်တွင် အားထားနေရသည့် ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်ကို အများပြည်သူ ဗဟိုပြုယာဉ်လိုင်းများ ဖြစ်လာစေရေး ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အများပိုင်စနစ်ဖြင့် ယာဉ်လိုင်းများ ဖွဲ့စည်းထူထောင်ကာ လမ်းကြောင်းများ သီးသန့်သတ်မှတ်၍ ပြေးဆွဲစေမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၇ နှစ်ဆန်းပိုင်းမှာ စတင်နိုင်အောင် တွန်းအားပေးဆောင်ရွက် နေပါတယ်။ အများပိုင်ယာဉ်လိုင်းအဖြစ်ဆောင်ရွက်ဖို့ တင်ပြလာတဲ့ကုမ္ပဏီ ၂၀ ကျော်က ရှစ်ခုလောက် ပေါ်ပေါက်လာဖို့ ရှိပါတယ်။ BRT Lite ကဲ့သို့ အများပိုင်ယာဉ်လိုင်းတွေထူထောင်ပြီး ဒီအများပိုင်ကုမ္ပဏီတွေကနေတစ်ဆင့် ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု ဘတ်စ်ကားအိုဟောင်း အပ်နှံ တာတွေ လက်ခံဆောင်ရွက်ပေးနေပြီး အသစ်ဝယ်ယူလိုသူတွေအတွက် ဘဏ်နဲ့ချိတ်ဆက်ဆောင်ရွက်ပေးပြီး အရစ်ကျစနစ်နဲ့ ဆောင်ရွက်နေပါတယ်။ တဖြည်းဖြည်းနဲ့ မြို့ပြဘတ်စ်ကားပြေးဆွဲမှုပုံစံကို ပြုပြင်ပြောင်းလဲသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

လက်ရှိ ရန်ကုန်မြို့တွင် အများပိုင်ကုမ္ပဏီစနစ်ဖြင့် ပြေးဆွဲနေသော ဘတ်စ်ကားလိုင်းမှာ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက်၏ BRT Lite ယာဉ်လိုင်းသာရှိသေးပြီး ယာဉ်လမ်းကြောင်းသုံးခုဖြင့် ပြေးဆွဲပေးလျက်ရှိ သည်။ ယာဉ်လိုင်းပြေးဆွဲမှုတွင် ယာဉ်မောင်းတစ်ဦးသာလိုက်ပါပြီး ယာဉ်စီးခကို ကတ်စနစ်ဖြင့် ပေးချေမှုပုံစံကျင့်သုံးလျက်ရှိသည်။ ထပ်မံပေါ်ပေါက်လာမည့် အများပိုင် ယာဉ်လိုင်းအသစ်များတွင်လည်း အဆိုပါစနစ်ကိုသာ ကျင့်သုံးစေ မည်ဖြစ်ပြီး ခရီးသည်အလုအယက်တင်ခြင်း၊ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ စည်းကမ်းမဲ့ ရပ်တန့်ခြင်းများကို သက်ဆိုင်ရာ အများပိုင်ဘတ်စ်ကား ကုမ္ပဏီ များမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

(ဝဝ၁)

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အသေးစိတ်ဆောင်ရွက်ထားရှိရန် ကော်မရှင်ဥက္ကဋ္ဌ မှာကြား**

စာမျက်နှာ - ၅

**မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာများ ဆွေးနွေး**

စာမျက်နှာ - ၉


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## လွတ်လပ်ရေး၏အနှစ်သာရ

မြန်မာနိုင်ငံ သူ့ကျွန်ဘဝမှ လွတ်မြောက်ပြီးနောက် လုံးဝလွတ်လပ်သည့် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး စတင်ဖြစ်တည်လာသည့် အချိန်အခါမှစ၍ ရရှိခဲ့သောလွတ်လပ်ရေး၏ အနှစ်သာရနှင့် သဘောထားအမြင်ကို ထိုကာလက ဖွင့်ဟထုတ်ဖော်ခဲ့ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့အပေါ်၌ တည်ဆောက်ထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားတိုင်း လူမှုဆက်ဆံရေး၌ တရားမျှတခြင်း၊ စီးပွားရေး၌ တရားမျှတခြင်း၊ လွတ်လပ်စွာတွေးကြံနိုင်ခြင်း၊ လွတ်လပ်စွာပြောဆိုရေးသားဖွင့်ဟနိုင်ခြင်း၊ လွတ်လပ်စွာယုံကြည်နိုင်ခြင်း၊ လွတ်လပ်စွာကြိုက်ရာဘာသာကို ကိုးကွယ်နိုင်ခြင်း၊ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခြင်း၊ လွတ်လပ်စွာစည်းရုံးနိုင်ခြင်း၊ လွတ်လပ်စွာပြုမူနိုင်ခြင်းတို့ကို ရရှိခံစားခွင့်ရှိသည်ဟု ဖော်ပြထားသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အဆင့်အတန်းခွဲခြားခြင်းမရှိစေရ။ ညီမျှရမည်။ ဆင်းရဲချမ်းသာမဟူ ခွဲခြားခြင်းမရှိရဘဲ ကြိုးစားလျှင်ကြိုးစားသလောက် ပါရမီ၊ ပညာအစွမ်းကိုလိုက်၍ အကျိုးကျေးဇူးခံစားနိုင်ရမည်။ ဥပဒေမျက်စိဖြင့်ကြည့်လျှင် ဆင်းရဲချမ်းသာမရွေး၊ ရာထူးဂုဏ်၊ အခြားဂုဏ်တို့ကိုမငဲ့ အားလုံးတူညီ၍ မှန်သူကို ဥပဒေကကာကွယ်မည်။ မတရားသူ၊ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးမည်ဟု ဆိုထားသည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ကျွန်ုပ်တို့၌တည်သည်။ နိုင်ငံတော်မှ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးများကို အပြည့်အဝရခွင့်ရှိကြသကဲ့သို့ ကျွန်ုပ်တို့ကလည်း နိုင်ငံတော်၏အင်အားကို ကျွန်ုပ်တို့ အစွမ်းကုန်ဖြည့်ဆည်းပေးရန် တာဝန်ရှိသည်။ နိုင်ငံတော်၏လွတ်လပ်မှုကို ထိန်းသိမ်းကာကွယ်ရန် တာဝန်ရှိသည်။ အခွင့်အရေးနှင့် တာဝန်သည် ဒွန်တွဲ၍ အမြဲရှိနေကြသည်။ အခွင့်အရေးသာလျှင် ရရှိ၍ တာဝန်မရှိ သည်ဟူ၍မရှိဟူ၍လည်း ကြွေးကြော်ထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိလာခဲ့သည်မှာ ၁၉၄၈ ခုနှစ်မှစတင်၍ ယနေ့ဆိုလျှင် နှစ်ပေါင်း ၆၉ နှစ်ပြည့်တော့မည်ဖြစ်သည်။ နှစ်ပေါင်း ၇၀ နီးပါးကာလတွင် ဖော်ပြပါ လွတ်လပ်ရေး၏ အနှစ်သာရများနှင့်အညီ ကျွန်ုပ်တို့ အပြည့်အဝရရှိနေပြီလား။ လွတ်လပ်သော အခွင့်အရေးများနှင့် တာဝန်များသည် ဒွန်တွဲ၍အမြဲရှိနေသည်။ အခွင့်အရေးရှိလျှင် တာဝန်ရှိမည်။ အပေးအယူ ညီမျှမှုကို ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လွတ်လပ်ရေးရရှိသည့် နှစ်ပေါင်း ၇၀ နီးပါးကာလအတွင်း လွတ်လပ်ရေးနှင့်ထိုက်တန်သည့် အခွင့်အရေးများ၊ တာဝန်များကို အပြည့်အဝ ရရှိနေပြီဟု မဆိုနိုင်သေးပါ။ အခွင့်အရေးရရှိမှုအပိုင်းတွင် အချိန်ကာလ နှစ် ၇၀ နီးပါးဟုဆိုသော်လည်း ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း ဖော်ပြပါလွတ်လပ်ရေး၏ အနှစ်သာရနှင့်အညီ အများပြည်သူသဘောထားဆန္ဒဖြင့် ဖြစ်တည်ခဲ့သည့် ပါလီမန် ဒီမိုကရေစီစနစ်သည် ဆယ်စုနှစ်တစ်ခုသာ ကြာသည်။

ထို့နောက် ၂၀၁၀ ခုနှစ်မှ ပြန်လည်စတင်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ ယခု ခြောက်နှစ်ခန့်သာ ကြာသေးသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးမှ ပေါက်ဖွားရှင်သန်လာသော လွတ်လပ်ရေး၏အနှစ်သာရများ၊ အခွင့်အရေးများ၊ တာဝန်များကို တိုတောင်းလှသည့် အသွင်ကူးပြောင်းမှုကာလအတွင်း ကျွန်ုပ်တို့အပြည့်အဝ ရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရဦးမည်ဖြစ်သည်။

ဖော်ပြပါ လွတ်လပ်ရေး၏အနှစ်သာရများမှာ အဖိုးအနဂ္ဃကြီးမားပါသည်။ ထိုအနှစ်သာရများကို လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း အလွယ်တကူမရယူထိုက်ပေ။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုရေစီးကြောင်းတွင် ကျွန်ုပ်တို့ လွတ်လပ်သော နိုင်ငံသားများအဖို့ အဖိုးအနဂ္ဃထိုက်တန်သော အနှစ်သာရများကို တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ရှိမှု၊ တာဝန်ခံမှုများနှင့် ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်ပြီး တဖြည်းဖြည်းရယူမှသာ လွတ်လပ်ရေးအနှစ်သာရနှင့် ထိုက်တန်သော နိုင်ငံ၊ နိုင်ငံသားများဖြစ်ပေလိမ့်မည်။ ။

## ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## ကျောင်းပေါင်းစုံအားကစား စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၆**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံ ပညာကျောင်းပေါင်းစုံ အားကစားစွမ်းရည်ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရန်ပယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူများက မီတာ ၅၀၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ သံပြားပစ်၊ သံလုံးပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ သုံးဆင့်ခုန်နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်း၊ မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး အဖွဲ့လိုက်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၅၈၀)**

## မြို့ချောင်းအထူးတိုက်နယ်ဆေးရုံသို့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းများဖြည့်ဆည်းပေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် နှင်းဆီလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ အမှုထမ်း အိမ်ရာကြံ့ခိုင်မှုအခြေအနေနှင့်ရေရရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံဝင်းအတွင်း အသစ်ဆောက်လုပ်ပြီးစီးသော ဝန်ထမ်းအိမ်ရာနှင့် ဝန်ထမ်းများနေထိုင်လျက်ရှိသောအိမ်ရာများအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပြီး အမြန်ပြင်ဆင်ဆောင်ရွက်ရမည့် အိမ်ရာများကို အမြန်ဆုံးပြင်ဆင်ပေးရေး၊ အသစ်ဆောက်လုပ် ပြီးစီးသောအိမ်ရာတွင် စနစ်တကျနေရာချထားပေးရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး၏ ဆေးရုံကြီးကြပ်ဆေးဆိုင်တွင် ဆေးပစ္စည်းဝယ်ယူ၊ သိုလှောင်၊ ရောင်းချမှု၊ ဆေးများ သက်တမ်းလွန်မှုရှိ၊ မရှိတို့ကို ကွန်ပျူတာစနစ်အသုံးပြုဆောင်ရွက်နေမှုအားကြည့်ရှုစစ်ဆေးကာ လက်ရှိကွန်ပျူတာစနစ်ကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်မွမ်းမံ၍ အခြားသော ဆေးရုံများတွင်လည်း အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် ပြောကြားပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနတွင် ငှက်ဖျားရောဂါပိုးနှင့် ခြင်သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ ဆေးသိုလှောင်ရုံများနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးကာ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနအနေဖြင့် မိမိတို့လုပ်ဆောင်မည့်လုပ်ငန်းများအလိုက်၊ ကဏ္ဍအလိုက်လုပ်ငန်းစဉ်များ စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင်အဆင်ပြေရန်နှင့် မိမိတို့ဘဝတက်လမ်းအတွက် ကြိုးစားလေ့လာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအထူးတိုက်နယ်ဆေးရုံ၏ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကာ တိုက်နယ်ဆရာဝန်၊ သူနာပြုနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့တို့အား တွေ့ဆုံခဲ့ပြီး အမြန်လမ်းတွင် ထိခိုက်ဒဏ်ရာရရှိသူများအနေဖြင့် ရှေးဦးသူနာပြုစုမှုနှင့် ကုသခံရမှုကောင်းစွာရရှိပါက နောက်ပိုင်းတွင် အသက်ရှင်သန်နိုင်မည့်အခွင့်အလမ်းအလွန်များပြားနိုင်သည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရှေးဦးစွာကုသမှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန် အလွန်အရေးကြီးပါကြောင်း ပြောကြားပြီး တိုက်နယ်ဆေးရုံအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ဝန်ထမ်းအင်အား၊ မီးစက်များ အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျောက်တံခါးမြို့နယ် မြို့ချောင်း အထူးတိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

အဆိုပါ မြို့ချောင်းအထူးတိုက်နယ်ဆေးရုံသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးတွင် တည်ရှိပြီး အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နိုင်ရန် အထူးအစီအစဉ်ဖြင့် တည်ဆောက်ဖွင့်လှစ်ထားသော ဆေးရုံဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြူစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
ပန်နေကျာ ၀၁-၈၆၁၀၆၈၅၊ ဒီမ်/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

## ပြည်တွင်းရေးရာ

❂ ရှေ့ဖုံးမှ

ဒုတိယသမ္မတ ဦးမြင့်ဆွေက ပထမအကြိမ် ခရီးစဉ်အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို အစီရင်ခံစာ(မူကြမ်း)ရေးသားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်အမှာစကားပြောကြားရာတွင် မိမိတို့ကော်မရှင်၏ အဓိကတာဝန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်များက ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင် အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေး၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိကို စစ်ဆေးသုံးသပ်ပြီး အကြံပြုချက်များအဖြစ် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို ပြုစုရေးသားတင်ပြရန် ဖြစ်ပါကြောင်း။

မိမိတို့ကော်မရှင်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရခိုင်ပြည်နယ် မောင်တောဒေသသို့သွားရောက်၍ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ ငါးခူရ၊ ပြောင်ပိုက်၊ ပွင့်ဖြူချောင်း၊ ဝါးပိတ်၊ ဂွဆုံ၊ ငန်းချောင်း၊ ကြက်ရိုးပြင်၊ ကိုးတန်ကောက်ဒေသများသို့ သုံးရက်ကြာ လှည့်လည်ကြည့်ရှုစစ်ဆေးမှုများ၊ စုံစမ်းမှုများ၊ လိုအပ်သည့် တွေ့ဆုံမေးမြန်းမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

### အဖြစ်မှန်ရုပ်လုံးပေါ်လာပြီ

ကော်မရှင်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် ဒေသနှင့် ကျေးရွာများသို့သွားရောက်၍ စုံစမ်းစစ်ဆေးခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ပြည်တွင်း၊ ပြည်ပမီဒီယာများအား သွားရောက်သတင်းရယူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှုများကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်များ၏ အဖြစ်မှန်ရုပ်လုံးပေါ်လာပြီဖြစ်ပါကြောင်း။

### သိမ်မွေ့ရှုပ်ထွေး

ယခုဖြစ်စဉ်သည် ရခိုင်ပြည်နယ်အတွင်း ယခင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် မတူကွဲပြားလျက်ရှိပါကြောင်း၊ ယခင်ကဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များသည် ဒေသခံပြည်သူအချင်းချင်းအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခများဖြစ်သော်လည်း ယခုဖြစ်စဉ်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်း၌ အချိန်ယူပြီး အကြမ်းဖက်အဖွဲ့အစည်းများက စနစ်တကျဖွဲ့စည်းပြင်ဆင်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးသည့် အကြမ်းဖက်တိုက်ခိုက်မှုမျိုး ဖြစ်ပါကြောင်း၊ ပြည်ပနှင့်လည်း ဆက်စပ်နေသည့် ကွင်းဆက်များလည်း ပေါ်ပေါက်နေသဖြင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်မှာ အမှန်ဖြစ်ကြောင်း။

### အရှိကို အရှိအတိုင်း စိစစ်ဖော်ထုတ်

ထို့ကြောင့် မိမိတို့ကော်မရှင်က ပြုစုရေးသားမည့် အစီရင်ခံစာတွင် နောင်အလားတူ အကြမ်းဖက်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပေါ်ရေး၊ နိုင်ငံတော်နှင့် အမျိုးသားလုံခြုံရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအနေဖြင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို ဝိုင်းဝန်းစဉ်းစားပြီး အကြံပြုပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဖြစ်စဉ်နှင့်ပတ်သက်၍ အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း စိစစ်ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မိမိတို့ကော်မရှင်အနေဖြင့် အစီရင်ခံစာကို သတ်မှတ်ချိန်အတွင်း တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံရေးသားနိုင်ရန် ရခိုင်ပြည်နယ်သို့ အချိန်ရလျှင်ရသလို ထပ်မံသွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးမှတ်တမ်းများအား အတည်ပြုကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ် မောင်တောဒေသတွင် ထပ်မံဖြစ်ပွားခဲ့သည့် မီးလောင်မှုများနှင့် အကြမ်းဖက်မှုဆက်စပ်ဖြစ်စဉ်များ၊ အကြမ်းဖက်သမားများက ဒေသခံပြည်သူအချို့ကို ခြိမ်းခြောက်သတ်ဖြတ်ကျူးလွန်နေမှုများ၊ မောင်တောဒေသ နောက်ဆုံးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာမူကြမ်း၏ နိဒါန်း၊ ရည်ရွယ်ချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ ကော်မရှင်၏ စိစစ်တွေ့ရှိချက်များနှင့် ထပ်မံစစ်ဆေးဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များကိုလည်းကောင်း၊ ရေးသားမည့်အစီရင်ခံစာ၏ အကြောင်းအရာအချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များက သတင်းအချက်အလက်များ ပြည့်စုံစွာရရှိရေး၊ အကြမ်းဖက်တိုက်ခိုက်ခံရမှုများ၊ ပဋိပက္ခများထပ်မံမဖြစ်ပွားရေးအတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ အစီရင်ခံစာရေးသားရာတွင် ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကျွန်းလှမြို့သစ်တည် နှစ်(၂၀)ပြည့် ပွဲတော်အထိမ်းအမှတ် သီတဂူဗုဒ္ဓတက္ကသိုလ် ပန္နက်တင်အုတ်မြစ်စီမင်္ဂလာနှင့် လွတ်လပ်ရေးကျောက်တိုင်ဖွင့်ပွဲ ကျင်းပ



**ကျွန်းလှ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့သစ်တည် နှစ် (၂၀) ပြည့် ပွဲတော် သီတဂူဗုဒ္ဓတက္ကသိုလ် ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာနှင့် လွတ်လပ်ရေးကျောက်တိုင် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားအစီအစဉ်အရ နံနက် ၇ နာရီတွင် ကျွန်းလှမြို့ အားကစားကွင်းအနီးတွင် စိုက်ထူထားသည့် အမြင့် ၃၆ ပေ၊ အရန်တိုင် ငါးတိုင်ပါဝင်သည့် လွတ်လပ်ရေးကျောက်တိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းနှင့် ဦးလှဖြိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် ကျွန်းလှမြို့သစ်တည် နှစ်(၂၀)ပြည့် ပွဲတော်နှင့် သီတဂူဗုဒ္ဓတက္ကသိုလ် ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကျင်းပရာ မုခ်ဦးကို စတင်ဖွင့်လှစ်ခဲ့ပြီး ပန္နက်တင်အုတ်မြစ်စီ အခမ်းအနားကျင်းပမည့်နေရာတွင် သံဃာတော် အပါး ၅၀၀ ဝန်းရံကာ မင်္ဂလာအချိန်တော်တွင် သီတဂူဆရာတော်ကြီးက စတင်၍ စိန်အုတ်မြစ်စီတော်မူပြီး ကျန်သတ်မှတ်နေရာ အသီးသီးတွင် ဖိတ်ကြားထားသည့် ဆရာတော်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များက အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြသည်။

ထို့နောက် ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်းရှိ ဓမ္မသဘင်ခန်းမတွင် စစ်ကိုင်းမြို့ IBEC ဆရာတော်က ပွဲတော်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး ကန့်ဘလူမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ကျွန်းလှမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးတို့က ဩဝါဒကထာ မိန့်ကြားကြပြီး သီတဂူဆရာတော်ကြီးက ဩဝါဒကထာ ချီးမြှင့်ခဲ့သည်။

ဘုရားရှင်၏ ပဋိကတ်သုံးပုံကို ခေတ်မီနည်းစနစ်များဖြင့် သင်ကြားပေးရန် ရည်ရွယ်၍ သီတဂူဗုဒ္ဓတက္ကသိုလ်များကို တည်ဆောက်ပေးခြင်းဖြစ်ပြီး ကျွန်းလှမြို့တွင် တည်ဆောက်မည့် ဗုဒ္ဓတက္ကသိုလ်ကို သီတဂူဆရာတော်ကြီး ဦးဆောင်ကာ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ငါးနှစ်အတွင်း ငွေကျပ်သိန်းပေါင်း တစ်သိန်းကျော် လျာထားဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကြီးကို ဒီဇင်ဘာ ၂၂ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်အတွင်း တရားပွဲ၊ အားကစားပွဲ၊ စာပေဟောပြောပွဲနှင့် ဖျော်ဖြေရေးပွဲ အစီအစဉ်များ ထည့်သွင်းကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၏ ဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တိုင်းဒေသကြီးလွှတ်တော်သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်သွင်းခဲ့သည်။

တိုင်းဒေသကြီး ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများတွင် သုံးစွဲရန် ရေးဆွဲထားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား တိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကိုယ်စား၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်ခွင့်ပြုငွေများကို ကျန်ရှိနေသည့် အချိန်သုံးလမျှကာလတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ထိထိမိမိအကျိုးရှိစွာ အသုံးပြုရန် လိုအပ်ကြောင်း တိုက်တွန်းရှင်းလင်းတင်ပြသွားခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ မူလခန့်မှန်းခြေတွင် ရငွေ၊ ပြည်ထောင်စုမှ ထောက်ပံ့ငွေကျပ် ၄၀၈၅၈ သန်း အပါအဝင် ကျပ် ၃၃၆၂၁၈ ဒသမ ၅၇၀ သန်းဖြစ်ပြီး အသုံးစရိတ် ကျပ် ၃၃၆၂၁၈ ဒသမ ၅၇၀ သန်းဖြင့်၊ ဖြည့်စွက်ခန့်မှန်းခြေအသုံးစရိတ် ၁၆၈၃၁၂ ဒသမ ၇၂၅ သန်းဖြင့်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေတွင် ရငွေ၊ ပြည်ထောင်စုထောက်ပံ့ငွေကျပ် ၂၄၅၂၂ ဒသမ ၁၅၈ သန်းအပါအဝင် ကျပ် ၅၀၅၆၉၁ ဒသမ ၉၂၀ သန်းနှင့် အသုံးစရိတ်မှာ ကျပ် ၅၀၅၆၉၁ ဒသမ ၉၂၀ သန်းဖြင့် ရေးဆွဲထားသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက အစိုးရအဖွဲ့ကိုယ်စား တင်သွင်းခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင်ပါရှိသော သက်ဆိုင်ရာဌာနများအလိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၏ အသုံးစရိတ်များကို ဌာနအလိုက် ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး၏ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ လိုအပ်ချက်များအပေါ် ဦးစားပေးအလိုက် ခွဲဝေရရှိသော ခွင့်ပြုငွေ ဘဏ္ဍာငွေအတွင်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး လျာထားရေးဆွဲထားခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ရှင်းလင်းတင်ပြသွားခဲ့သည်။

အဆိုပါတင်သွင်းခဲ့သော ဥပဒေကြမ်းအပေါ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။**(ဆုနှင်းလှဲ့)**



ကြေးမုံ
ဒီဇင်ဘာ ၂၇၊ ၂၀၁၆

## နျူကလီးယားလက်နက်ထိပ်ဖူးသယ်ဆောင်နိုင်သည့် အဂ္ဂနိ-၅ ဒုံးကျည် အိန္ဒိယက စမ်းသပ်ပစ်ခတ်မှုအောင်မြင်

**နယူးဒေလီ ဒီဇင်ဘာ ၂၆**

အိန္ဒိယတပ်မတော်သည် မြေပြင်မှ ဝေဟင်သို့ တာဝေးပစ်ခတ်နိုင်ပြီး နျူကလီးယားလက်နက်ထိပ်ဖူးသယ်ဆောင်နိုင်သည့် အဂ္ဂနိ-၅ တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်ကို ဒီဇင်ဘာ ၂၆ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ကမ်းလွန်ရှိ စစ်ဘက်ဆိုင်ရာ ကျွန်းတစ်ကျွန်းမှ အဆိုပါဒုံးကျည်ကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒုံးကျည် စမ်းသပ်ပစ်ခတ်ခြင်းအောင်မြင်မှုအတွက် အိန္ဒိယသမ္မတ ပရာနပ်မူခါဂျီးနှင့် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့က နိုင်ငံပိုင် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း(ဒီအာရ်ဒီအို)မှ သိပ္ပံပညာရှင်များအား ၎င်းတို့၏ အင်တာနက်တွစ်တာ စာမျက်နှာများမှတစ်ဆင့် ဂုဏ်ပြုစာသားများ ရေးသားဖော်ပြခဲ့ကြသည်။

အဂ္ဂနိ-၅ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်သည် ကီလိုမီတာ ၅၀၀၀ ကျော် အကွာအဝေးသို့ အလေးချိန်ကီလိုဂရမ် ၁၀၀၀ အထိရှိသော နျူကလီးယားလက်နက်ထိပ်ဖူးကို တပ်ဆင်ကာ ပစ်ခတ်နိုင်စွမ်းရှိသည်။ အဆိုပါဒုံးကျည်သည် လောင်စာခဲအသုံးပြုသော ဒုံးစက်အမျိုးအစားဖြစ်ပြီး အလျား ၁၇ မီတာရှိကာ အလေးချိန် တန် ၅၀ ရှိသည်။ ယင်းဒုံးကျည်၏ ပျံသန်းရာ ဝေဟင်လမ်းကြောင်းကို လွယ်ကူစွာ စုံစမ်းထောက်လှမ်းမရနိုင်ဟု သတင်းတွင် ဖော်ပြသည်။

အဂ္ဂနိ-၅ ဒုံးကျည်သည် အဂ္ဂနိ အမျိုးအစားဒုံးကျည်လက်နက်အစီအစဉ်တွင် ပဉ္စမမြောက်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ခေတ်မီအဆန်းပြားဆုံးလက်နက်ဖြစ်သည်။ ဟင်ဒီဘာသာနှင့် သက်ရိုက်ဘာသာတို့အလိုအရ အဂ္ဂနိဟူသည်မှာ "မီး"ဟု အနက်အဓိပ္ပာယ်ရှိပြီး ၎င်းအမျိုးအစားဒုံးကျည်ကို ၂၀၁၂ ခုနှစ် ဧပြီလတွင် ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဒုတိယအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ပြီး တတိယအကြိမ် စမ်းသပ်ပစ်ခတ်မှုကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ပြုလုပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**



## ကန်ဒေါ်လာ ၇ ဒသမ ၂၃ သန်းခန့်တန် ရွှေချောင်းများ ဘင်္ဂလားဒေ့ရှ်လေဆိပ်၌ သိမ်းဆည်းရမိ

**ဒါကာ ဒီဇင်ဘာ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်ရှိ အဓိကလေဆိပ်မှ အကောက်ခွန်တာဝန်ရှိသူများက ကာတာလေကြောင်းလိုင်းရှိလေယာဉ်တစ်စင်းမှ အလေးချိန် ၁၁ ဒသမ ၆ ကီလိုဂရမ်ရှိသော ရွှေချောင်း ၁၀၀ သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သတင်းပေးချက်တစ်ရပ်အရ လေယာဉ်အားရှာဖွေရာတွင် ခရီးသည်ထိုင်ခုံတစ်လုံးအောက်မှ တာကာ သန်း ၆၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၃ သန်းခန့်) တန်ဖိုးရှိ ရွှေချောင်းများတွေ့ရှိခဲ့ကြောင်း အမည်မဖော်လိုသည့် အကောက်ခွန်တာဝန်ရှိသူများက ပြောကြားသည်။ ဒိုဟာမြို့မှပျံသန်းလာသော အဆိုပါလေယာဉ်မှာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ဝန်းကျင်တွင် ဒါကာမြို့တော်ရှိ ဟာဇရတ်ရှာဂျာလယ်လ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆင်းသက်ခဲ့သည်။

ရွှေချောင်းများ သိမ်းဆည်းရမှုနှင့်ပတ်သက်၍ မည်သူ့ကိုမျှ ဖမ်းဆီးခြင်းမရှိသေးပေ။ ပြည်ပရှိအပေါင်းအဖော်များနှင့် ဆက်စပ်မှုရှိသော ပြည်တွင်းမှောင်ခိုသမားများဖြင့် အသေအချာဖွဲ့စည်းထားသော ဂိုဏ်းများက ရွှေ၊ ပြည်ပငွေကြေးများ၊ မူးယစ်ဆေးဝါးများနှင့်ဆေးဝါးများ တရားမဝင် သယ်ယူပို့ဆောင်ရန်အတွက် ကြားခံနေရာတစ်ခုအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ပို၍အသုံးပြုလာကြကြောင်း သတင်းရပ်ကွက်များကဆိုသည်။

**ဆင်ဟွာ**



## တရုတ်နိုင်ငံအနောက်ပိုင်းဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းအရ နိုင်ငံအရှေ့ပိုင်းမှ စက်ရုံများကို ရွှေ့ပြောင်းဖွင့်လှစ်ရန်စီစဉ်

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ အနောက်ပိုင်းဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၁၆-၂၀၂၀ စီမံကိန်းသစ်အရ နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ လုပ်သားအခြေပြုစက်ရုံများကို ကုန်းတွင်းပိုင်း အရပ်ဒေသများသို့ ရွှေ့ပြောင်းအခြေစိုက်ရန် အစိုးရအဖွဲ့က အားပေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံအနောက်ပိုင်းဒေသ ဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းကို တရုတ်နိုင်ငံ၏ ဝန်ကြီးအဖွဲ့ဟုဆိုနိုင်သော နိုင်ငံတော်ကောင်စီက အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း အစိုးရအဖွဲ့၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်လေးစုတာ ကာလပတ်လုံး နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသကိုအခြေပြုကာ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သည်။

တရုတ်နိုင်ငံရှိ ဆင်ကျန်းနှင့် ယူနန်ပြည်နယ်များကဲ့သို့ အနောက်ပိုင်းဒေသများသည် နိုင်ငံရေးအရ အရေးကြီးပြီး စွမ်းအင်ပေါကြွယ်သောဒေသများဖြစ်ကြကာ ယင်းဒေသများနှင့် နိုင်ငံအရှေ့ပိုင်း ဒေသများအကြား ဖွံ့ဖြိုးမှု ကွာဟချက်ကြီးမားနေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအရှေ့ပိုင်းဒေသ၌ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဖြစ်ပေါ်လာရသော ပတ်ဝန်းကျင် ထိခိုက်လာမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသများသည် လူဦးရေသိပ်သည်းမှုရှိပြီး စီးပွားရေး တိုးတက်လာမှုနှင့်အတူ ယန်စီမြစ်နှင့် ပုလဲမြစ်တို့၏ မြစ်ဝကျွန်းပေါ်ဒေသများ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်လျက်ရှိသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းဒေသများ၌ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် အစိုးရက အားပေးမည်ဖြစ်ကြောင်း နိုင်ငံတော်ကောင်စီအစည်းအဝေးပွဲတွင် ဝန်ကြီးချုပ်လီခချန်းက ပြောကြားသည်။ **ရိုက်တာ။**



## ၂၀၀၄ ခုနှစ် ဆူနာမီရေလှိုင်းရိုက်ခတ်မှု ၁၂ နှစ်ရှိသော်လည်း သေဆုံးသူထိုင်းနိုင်ငံသား ၄၀၀ ခန့်ကို ယခုတိုင်အတည်မပြုနိုင်သေး

**ဗန်ကောက် ဒီဇင်ဘာ ၂၆**

၂၀၀၄ ခုနှစ်က အာရှနိုင်ငံများတွေ့ကြုံခံစားခဲ့ရသော ဆူနာမီရေလှိုင်းရိုက်ခတ်မှုဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသည့် လူပေါင်း ၂၂၆၀၀၀ အနက် ထိုင်းနိုင်ငံသား ၄၀၀ ထက်မနည်းကို ယခုထက်တိုင် မည်သူမည်ဝါတို့ဖြစ်သည်ဟု အတည်ပြုနိုင်ခြင်းမရှိကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီရေလှိုင်းကို ဖြစ်ပေါ်စေသော မြေငလျင်လှုပ်မှုဖြစ်ပွားခဲ့သည်။ ထိုစဉ်က အင်အား ၉ ဒသမ ၁၅ ရှိ မြေငလျင်ကြောင့် ဆူနာမီရေလှိုင်းကြီး ရိုက်ခတ်ခဲ့ရာ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့်သီရိလင်္ကာနိုင်ငံတို့ အပြင်းထန်ဆုံးဘေးဥပဒ်တွေ့ကြုံခဲ့ရသည်။

လွန်ခဲ့သည့် ၁၂ နှစ်က သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ရပ်ဖြစ်သည့် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုကြောင့် ထိုင်းနိုင်ငံ၌ လူပေါင်း ၅၃၉၅ ဦးခန့်သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူများအနက် ၂၀၀၀ ခန့်မှာ ကမ္ဘာလှည့်ခရီးသည်များဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

## နော့တန်းတိုင်ဖွန်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်တွင် သုံးဦးသေဆုံး

**မနီလာ ဒီဇင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် နော့တန်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံးလူသုံးဦးသေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

အရှေ့တောင်ပိုင်း လူဇွန်ကျွန်း အယ်ဘေးပြည်နယ်အုပ်ချုပ်ရေးမှူး အယ်လ်ဖရန်စစ်ဘီချာရာက သေဆုံးသူသုံးဦးမှာ ၅၇ နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၇၀ ကျော်ရှိ ဇနီးမောင်နှံနှစ်ဦးဖြစ်ကြောင်း ပြောကြားသည်။

အယ်ဘေးပြည်နယ်တွင် ပို့ဆောင်ဆက်သွယ်ရေး၊ စာသင်ကျောင်းများနှင့် ရုံးဌာနများ ပိတ်ထားရပြီး ယင်းပြည်နယ်နှင့် အခြားသောပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်နေဆဲဖြစ်သည့်အတွက် အသေအပျောက်စာရင်းတိုးလာနိုင်သည့်တိုင်အောင် လူဇွန်ကျွန်းအနောက်မြောက်ဘက်တွင် မုန်တိုင်းသည် အားပျော့သွားပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းသာ တိုက်ခတ်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။

တနင်္လာနေ့တွင် လူ ၃၈၃၀၉၇ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်းနှင့် နော့တန်း တိုင်ဖွန်းမုန်တိုင်းသည် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာသွားလိမ့်မည်ဟု မျှော်လင့်ကြောင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။

**ဆင်ဟွာ။**



# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသေးစိတ်ဆောင်ရွက်ထားရှိရန် ကော်မရှင်ဥက္ကဋ္ဌ မှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော်လည်း အားနည်းချက်များ၊ အခက်အခဲများ ကြုံတွေ့ခဲ့ကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်လေးနယ်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နယ် လစ်လပ်လျက်ရှိသဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်အားဖြင့် ၁၁ မြို့နယ်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော မြို့နယ်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသေးစိတ်ဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် မပါဝင်သော မြို့နယ်များအနေဖြင့်လည်း ကြားဖြတ်ရွေးကောက်ပွဲပါဝင်သော မြို့နယ်များအား ဝိုင်းဝန်းကူညီပေးလျက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်းပြောသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲများကို အများပြည်သူ ယုံကြည်လက်ခံသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများနှင့် ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဆင့်ကဲဆင့်ကဲတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့်လည်း တင်ပြချက်ကိုသာ စောင့်ဆိုင်းမနေဘဲ မိမိလက်အောက်ကိုလည်း မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တီထွင်ကြံဆပြီး စေတနာထားဆောင်ရွက်ရန်လိုကြောင်းနှင့် လေလွင့်ဆုံးရှုံးမှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများတွင် လူငယ်လူသစ် မျိုးဆက်သစ်ဓာတ်ပုံသမားများလည်း ပါဝင်သည့်အတွက် မျိုးဆက်သစ်လူငယ် ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့် ပြိုင်ပွဲလည်းဖြစ်သည်ဟု ပြောလိုကြောင်း၊ ဓာတ်ပုံတစ်ပုံသည် စာလုံးပေါင်း တစ်ထောင်မက ဖော်ပြနိုင်သည့်အတွက် ဓာတ်ပုံပညာရှင်ကြီးများက မိမိတို့တိုင်းပြည်၏ ရေမြေသဘာဝ တောတောင်များကို မိမိတို့လူမျိုးများ ချစ်မြတ်နိုးသည့်စိတ်ဖြစ်အောင် ဓာတ်ပုံပညာစွမ်းပကားဖြင့် ရိုက်ကူးပြသနေသူများ ဖြစ်ကြောင်း၊ တိုင်းပြည်အပေါ် စည်းလုံးညီညွတ်သည့်စိတ်၊ ချစ်မြတ်နိုးသည့်စိတ် အပေါ်အခြေခံပြီး ညီညွတ်သည့်စိတ် တည်ဆောက်နိုင်မှသာလျှင် ယခင်က စုပေါင်းညီညာရယူခဲ့သည့် လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းနိုင်မည်၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်နိုင်မည်၊ အခြားတိုင်းပြည်များနှင့် ရင်ပေါင်တန်းနိုင်သည့် အဆင့်အထိ တိုးတက်မြင့်မားနိုင်မည်ဖြစ်ရာ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဓာတ်ပုံပညာရှင်ကြီးများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည့်နေရာက ပါဝင်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဇော်မော်ဦး၊ ဒုတိယဆုရ ပြည်စိုးထွန်း (ပန်းချီ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က အထူးဆုရရှိကြသည့် ပြည်စိုးထွန်း (ပန်းချီ)၊ သန့်ဇော်ဦး၊ ခိုင်ဇာမွန်၊ ဇော်ဇော်ထွန်းနှင့် ကျော်ကျော်ဝင်း (သမဝါယမတက္ကသိုလ်)တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌက ဆုများရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဓာတ်ပုံဆုရရှိသူများကိုယ်စား ပထမဆုရရှိသူ ဇော်မော်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆုရဓာတ်ပုံများအား လှည့်လည်ကြည့်ရှုသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲ၏ခေါင်းစဉ်မှာ"အေးချမ်းသာယာ ပြည်မြန်မာ"ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ သာယာလှပမှုများ၊ သဘာဝသယံဇာတ ပေါကြွယ်ဝမှုများနှင့် တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများကို ပေါ်လွင်အောင် ရိုက်ကူးယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင် ဓာတ်ပုံပညာရှင် ၃၂၀ က ဓာတ်ပုံပေါင်း ၁၂၂၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

## အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်း


**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

၁။ ဤဥပဒေကို အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေနိဒါန်းပါ "Whereas it is enacted by section 9, Regulation VII, 1832, of the Bengal Code, that"ဆိုသည့်စကားရပ်ကို " Whereas there is a principle that ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Whereas it will be beneficial to extend the principle of that enactment" ဆိုသည့်စကားရပ်ကို "Whereas it will be beneficial to extend the principle" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

---




## (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထူးစာပို့တံဆိပ်ခေါင်း ၁၀၀ တန် ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်း ၁၀၀ိ/ကျပ်တန် တစ်မျိုးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်

**အေးမြသာယာ ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အေးမြသာယာမြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ အေးမြသာယာမြို့ အမှတ်(၉)ရပ်ကွက် ၂၀၀ ကေဗွီအေထရန်စဖော်မာမှ ဓာတ်အားပေးထားသော ၄၀၀ ဗို့ ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင် ၃၀ ကို ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့လျှပ်စစ်မှူးဦးကျော်စံလင်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများကဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော်

မြင့်ထွေး(ဟိုတယ်/ခရီး)

*(ယမန်နေ့မှအဆက်)*

ချမ်းစိမ့်သောနာဂဒေသ၏ အအေးဒဏ်နှင့် လေတိုက်ခတ်မှုများက ကျွန်တော်တို့ကို ကလူကျီစယ်ကြိုဆိုနေသယောင် ထင်မိသည်။ လေရှီးမြို့ တည်းခိုရာနေရာသို့ ရောက်တော့ ညနေ ၆ နာရီ မိနစ် ၂၀ ရှိပြီ။

ကျွန်တော်တို့တည်းခိုမည့် အဆောင်များကို A.B.C အဆောင်သုံးဆောင်ခွဲထားပါသည်။ အဆောင် A တွင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည် ၁၇ ဦးကို နေရာချထားပေးပြီး အဆောင် B နှင့် အဆောင် C တွင် ပြည်တွင်းပြည်ပခရီးသွားအဖွဲ့များ၊ ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များကို နေရာချထားပေးသည်။ အဆိုပါတည်းခိုဆောင်များမှာ နာဂတိုင်းရင်းသားများပိုင် အိမ်များဖြစ်သည်။ အဆိုပါ အိမ်များကို ကုမ္ပဏီမှအပြတ်ငှား၍ အခန်းများဖွဲ့၊ ရေချိုးခန်း၊ အိမ်သာများ ပြင်ဆင်တည်ဆောက်ကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်းဖြစ်သည်။

လေရှီးမြို့၏ တိုက်ခတ်သောလေနှင့် အအေးဒဏ်တို့က ကျွန်တော်တို့အဖွဲ့အား ညခင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြလေပြီ။ ကုမ္ပဏီ MD ဦးမောင်နီမှ ရောက်ရှိပြီး မိနစ်အနည်းငယ်အကြာတွင် ညစာစားသောက်ရန်မှာကြားထားပြီးဖြစ်၍ တည်းခိုရာအိမ် မျက်စောင်းထိုးရှိ တောင်ကမ်းပါးတွင် ဖွင့်လှစ်ထားသော လစ်ခ်ီစီစားသောက်ဆိုင်တွင် ဒေသထွက်အသီးအရွက်၊ အသား၊ ငါးဖြင့် ရန်ကုန်မှ ရောက်ရှိနေသော စားဖိုမှူး၏ လတ်ဆတ်မွှေးကြိုင်စွာ ချက်ပြုတ်ထားသော ပူပူနွေးနွေးဟင်းလျာများကို ဆာဆာနှင့် အားပါးတရ စားသောက်ကြပါသည်။ နိုင်ငံခြားသားဧည့်သည်များ၏ ပျော်ရွှင်စွာ စားသောက်နေပုံများကို မြင်တွေ့ရခြင်းကြောင့် ၎င်းတို့၏ ပျော်ရွှင်မှုများက ကျွန်တော်တို့၏ ရင်ထဲကူးစက်ဝင်ရောက်ကာ အေးချမ်းမှုနှင့် ခရီးစဉ်ပင်ပန်းမှုဒဏ်များမှာ ပြေပျောက်ခဲ့ရပြီး လေရှီးမြို့သို့ ချောမွေ့စွာရောက်ရှိမှုကို ဝမ်းမြောက်ရင်း ပထမဦးဆုံး လေရှီးညကိုတော့ ကိုယ်ကပ်အနွေးထည်ဝတ်၍ စောင်ထူထူခြုံကာ အိပ်စက်လိုက်ပါတော့သည်။

၁၃. ၁. ၂၀၁၅ ရက်နေ့ နံနက်ပိုင်း လေရှီးမြို့လေး၏ အအေးက ပိုလှသည်။ ချမ်းအေးလှသော ပြင်ဦးလွင်မြို့နှင့် ကလောမြို့တို့တွင် (၁၀)နှစ်ကျော်နေခဲ့စဉ်က ထိတွေ့ခံစားခဲ့ရသော အအေးဓာတ်က မိမိနှင့် ရင်းနှီးကျွမ်းဝင်နေပြီးဖြစ်သဖြင့် ဤအအေးဓာတ်ကိုပင် ခံနိုင်ရည်ရှိပြီး အလွန်ကြိုက်နှစ်သက်နေမိပြီဖြစ်သည်။ ပြင်ဦးလွင်၊ ကလောကဲ့သို့ပင် လေရှီးမြို့၏ အအေးချိန်မှာ ၈ ဒီဂရီစင်တီဂရိတ်ဖြစ်သော်လည်း မခံမရပ်နိုင်အောင်ပင် အရိုးခိုက်သည်အထိ အေးလှသည်။ ချမ်းအေးလွန်းသဖြင့် မျက်နှာသစ်၊ ရေချိုးရန်အတွက် ကုမ္ပဏီမှ ဒယ်အိုးကြီးဖြင့် တစ်နေ့လုံး ရေနွေးတည်ထားပေးသည်။ ထိုရေနွေးပူအား ရေအေးဖြင့် ရော၍ မျက်နှာသစ်၊ ရေချိုးကြရသည်။ နံနက်စာကို လစ်ခ်ီစီစားသောက်ဆိုင်တွင် စားသောက်ရင်း နေဝန်းနီနီ တဖြည်းဖြည်းထွက်ပြူလာသည်ကို ကြည့်ရှုကာ လှပသည့် နေထွက်ရှုခင်းကို စိတ်ကြိုက် အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။ နံနက်စာအဖြစ် ဆန်ပြုတ်၊ ပေါင်မုန့်၊ ခေါက်ဆွဲ၊ ကြာဆံကြော်၊ ထမင်းကြော်၊ ကြက်ဥပြုတ်၊ ကြက်ဥကြော်၊ လက်ဖက်ရည်၊ ကော်ဖီ၊ လိမ္မော်သီး၊ ထောပတ်သီးတို့ကို ကိုယ်တိုင်ယူစနစ်ဖြင့် စားသုံးနိုင်ရန် ပြင်ဆင်ထားသည်။ ဒေသထွက်လိမ္မော်သီးမှာ ဒေသရာသီဥတုကြောင့်လား၊ သဘာဝမြေဆီကြောင့်လားမသိ၊ လတ်ဆတ်အေးမြကာ ချိုမွှေးလှသဖြင့် စားကောင်းကာ ရာသီအေးအေးကြားမှပင် လိမ္မော်သီးကို စိတ်ကြိုက်စားမိသည်။ MD ဦးမောင်နီ၏ ကြိုတင်ပြောပြထားမှုအရ နာမည်ကြီးလှသော နာဂလိမ္မော်သီးအား အပြန်လက်ဆောင်ဝယ်ယူသွားရန် စိတ်ကူးရသည်အထိ. . . ။

နံနက်စာစားပြီးသည်နှင့် အဖွဲ့ခွဲကာ တစ်ဖွဲ့လျှင် ဧည့်လမ်းညွှန်နှင့် ဒေသလမ်းပြတို့မှ ဦးဆောင်၍ လေရှီးမြို့ အတွင်းနှင့်အနီးအနား ကျေးရွာများသို့ လည်ပတ်ကြသည်။ နာဂတိုင်းရင်းသားတို့မှာလည်း ပွဲတော်ရက်နီးကပ်နေ၍ နှစ်သစ်ကူးပွဲကျင်းပနိုင်ရေးအတွက် သွက်လက်ပျော်ရွှင်စွာ အဖွဲ့လိုက်၊ လှုပ်ရှားလေ့ကျင့်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။ ကျွန်တော်တို့အဖွဲ့က ပထမဦးစွာ နှစ်သစ်ကူးပွဲတော်ကျင်းပမည့် ပွဲတော်နေရာသို့ လှည့်လည်ကြည့်ရှုမိသည်။ ဌာနဆိုင်ရာ ပြခန်းများ၊ ရိုးရာအမှတ်တရ အရောင်းဆိုင်များ၊ ဈေးဆိုင်ခန်းများမှာ ပွဲတော်အတွက် အသင့်ဖြစ်နေပြီကို တွေ့ရသည်။ တောင်ကုန်းတစ်ခုပေါ်ရှိ ဥရုဝေလစေတီသို့ သွားရောက်ကြည်ညိုရင်း ပတ်ဝန်းကျင်အလှများကို လှည့်ပတ်ကြည့်ရှုကြသည်။ အဆိုပါ တောင်ကုန်းမှနေ၍ အမြင့်ပေ ၁၂၅၅၃ ရှိ စာရာမေတိတောင်ကို လှမ်းမြင်ရသည်။ လေရှီးမြို့နှင့် ပွဲတော်ကျင်းပမည့် ကွင်းပြင်နေရာကို မြင်ရသည်။ မြင်နေရသောရှုခင်းများသည် စိမ်းစိုသောတောတောင်များ၊ ရစ်ဆိုင်းသောမြူများ၊ တဖြည်းဖြည်းလွင့်မျောနေသော တိမ်လွှာများက ကဗျာတစ်ပုဒ်နှင့် ပန်းချီကားတစ်ချပ်လို လိုက်ဖက်ညီလှသည်။ စာရာမေတိတောင်ထိပ်ကား ကျွန်တော်တို့၏ စိတ်ကိုညို့ယူ ဖမ်းစားလှသည်။ တောင်ထိပ်တွင် ဖြူဖွေးဖွေးဖြင့် နှင်းခဲဖုံးလွှမ်းနေသော စာရာမေတိတောင်ထိပ်ကို နောက်ခံထား၍ ဘုရားပေါ်တွင် ဓာတ်ပုံများ အမှတ်တရ ရိုက်ကူးကြသည်။

ကျွန်တော်တို့အဖွဲ့သည် ဘုရားမှတစ်ဆင့် ကျေးရွာများသို့ သွားရောက်၍ နာဂတိုင်းရင်းသားတို့၏ ရိုးရာလူနေမှုဓလေ့စရိုက်များ၊ ဂျပ်ခုတ်၊ ရက်ကန်းချုပ်လုပ်နေမှုများ၊ ရိုးရာအကလေ့ကျင့်နေမှုများ၊ ဘုရားရှိခိုးကျောင်းများ၊ စိုက်ခင်းများကို လှည့်လည်လေ့လာကြည့်ရှုစဉ် စာရာမေတိတောင်ခြေရွာကလေးမှနေ၍ လာရောက်ကပြဖျော်ဖြေသည့် လူငယ်များကို တွေ့ရသဖြင့် အံ့သြဝမ်းသာစွာ မိတ်ဆွေဖွဲ့ပြီး သိရှိလိုသည်များကို မေးမြန်းမိသည်။ နာဂတိုင်းရင်းသားများမှာ မုံရွာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်များသို့ တက်ရောက်ကာ ပညာသင်ကြားသူများရှိသကဲ့သို့ အိန္ဒိယနိုင်ငံနှင့် နီးကပ်စွာတည်ရှိနေသဖြင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များတွင်လည်း သွားရောက် ပညာသင်ယူလျက်ရှိကြောင်းသိရကာ လမ်းဘေးဈေးရောင်းနေသော နာဂတိုင်းရင်းသူများပင် အင်္ဂလိပ်စကားကို ကောင်းစွာပြောဆိုနိုင်ကြောင်း တွေ့ရသည်။

လေ့လာချက်များအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ နှင့် ၉၇ ဒီဂရီ ၀၀ ကြား၊ မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၉၅ နှင့် ၉၇ ဒီဂရီ ၀၀ ကြားတွင် တည်ရှိပါသည်။ နယ်နိမိတ်အနေဖြင့် အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် တမူးမြို့နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် အရှေ့၊ အနောက်ရှည်လျားပြီး စတုရန်းမိုင် ၅၀၆၈ ဒသမ ၂၀၆ ရှိပြီး တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်းပေါ်များပါသည်။ လေရှီးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၄၃ ပေ အမြင့်၌ တည်ရှိသဖြင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရာ လဟယ်၊ နန်းယွန်းတို့ထက် ပိုမိုမြင့်မားပါသည်။ နွေသုံးလ၊ မိုးခြောက်လ၊ ဆောင်းသုံးလဖြစ်ကာ အမြင့်ဆုံးအပူချိန်မှာ ၃၆ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၈ ဒီဂရီ စင်တီဂရိတ်ရှိပါသည်။

လေရှီးမြို့အား ၂၇. ၇. ၁၉၇၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လေရှီးမြို့နယ်တွင် အိမ်၊ အိမ်ထောင်စု ၇၂၀ နှင့် လူဦးရေ ၄၀၉ ဦးရှိကာ ကျေးလက်အိမ်မြေ



၂၃၄၇ အိမ်၊ အိမ်ထောင်စု ၂၄၉၇ အိမ်၊ လူဦးရေ ၁၃၅၅၄ ဦး ရှိပါသည်။ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း လေးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၄၅ ကျောင်း၊ မူလတန်းကျောင်းခွဲ ကိုးကျောင်း စုစုပေါင်း ၆၇ ကျောင်းဖြင့် လေရှီးမြို့တွင် နာဂတိုင်းရင်းသားများအတွက် ပညာသင်ကြားပေးလျက်ရှိပြီး လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များတွင် ကျန်းမာရေးကဏ္ဍအနေဖြင့် (၂၅ ) ခုတင်ဆံ့ဆေးရုံ သုံးရုံ၊ (၁၆) ခုတင်ဆံ့ငါးရုံ၊ ကျေးလက်ကျန်းမာရေး ဌာန ၁၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၄ ခုတို့ဖြင့် နာဂတိုင်းရင်းသားများအတွက် ကျန်းမာရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ လေရှီးမြို့နယ်တွင် တန်ကွန်မျိုးနွယ်စု၊ ပါရာမျိုးနွယ်စု၊ မကူရီမျိုးနွယ်စု၊ ကူကီးမျိုးနွယ်စု၊ ဗောင်ဗူးရီမျိုးနွယ်စု စသည်ဖြင့် မျိုးနွယ်စုငါးစုတို့ နေထိုင်ကြကာ တောင်ယာလယ်၊ ဥယျာဉ်လုပ်ငန်းများဖြင့် အာလာဂျီ၊ လိမ္မော်၊ မျောက်ငို၊ ရော်ဘာ၊ ကော်ဖီ၊ လက်ဖက်များ စိုက်ပျိုးကြပြီး ကျွဲ၊ နွား၊ နွားနောက်၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်များကို မွေးမြူ၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ၎င်းအပြင် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် လူတစ်ဦးချင်းဝင်ငွေအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၃၈၂၆၀၃ ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာလျက်ရှိကြောင်း သိရှိရပါသည်။ ရိုးသားအေးချမ်းစွာနေထိုင်ကြသော တိုင်းရင်းသားများဖြစ်သည့်အပြင် နှစ်စဉ်နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်၊ မုန့်ထောင်းပွဲတော်၊ ကောက်စိုက်ပွဲတော်၊ ကောက်ရိတ်ပွဲတော်များကျင်းပကာ စည်းလုံးပျော်ရွှင်စွာဖြင့် ရိုးသားစွာနေထိုင်ကြသော ကြံ့ခိုင်သန်မာသည့်တိုင်းရင်းသားများလည်း ဖြစ်ကြပါသည်။ နာဂတိုင်းရင်းသားတို့၏ ကြံ့ခိုင်မှု၊ ရဲစွမ်းသတ္တိရှိမှုများအား ၎င်းတို့ ဆောင်းသော ဦးထုပ်၊ လည်ဆွဲများရှိ ကျား၊ ဝက် စသည့် သားရဲတိရစ္ဆာန်အစွယ် အရေအတွက်ကိုကြည့်၍ ခန့်မှန်းနိုင်သည်။

ကျွန်တော်တို့အဖွဲ့မှာ နေ့လယ်စာကို လစ်ခ်ီစီစားသောက်ဆိုင်တွင် ပြန်လည်စားသောက်ကာ တည်းခိုခန်းတွင် ခေတ္တပြန်နားကြသော်လည်း အချို့အဖွဲ့များမှာ (၃၊ ၄) နာရီကြာသွားရသည့် နာဂရွာကလေးများဆီအထိ ခြေကျင်ခရီးသွားရောက်လေ့လာကြသဖြင့် နေဝင်ချိန်မှ တည်းခိုရာသို့ ပြန်လည်ရောက်ရှိလာကြကာ ညစာကို ပူပူနွေးနွေးစီစဉ်ထားသော အသားဟင်းနှစ်မျိုး၊ အသီးအရွက်ဟင်းနှစ်မျိုး၊ ဟင်းရည်၊ ရာသီသီးနှံတို့အား အားပါးတရ စားသောက်ကြပါသည်။ စားသောက်ဆိုင်တွင် ယမကာများကိုလည်း ဝယ်ယူနိုင်ရန် အသင့်စီစဉ်ထားသဖြင့် အအေးဓာတ်ကျဆင်းနေသော အချိန်အခါနှင့် လိုက်ဖက်ညီစွာ ကျွန်တော်တို့အဖွဲ့ ဟန်မဆောင်နိုင်အောင်ပင် 'မစွန်းရင်းကလည်းရှို၊ ကန်စွန်းခင်းကလည်းငြိ' ခဲ့ကြပြီး လေရှီးမြို့၏ ညအအေးဓာတ်အား လတ်တလောကာကွယ်နိုင်ခဲ့ကြသော်လည်း တည်းခိုရာအိပ်ခန်း၏ ထရံကြားမှ ဝင်ရောက်လာသည့် လေအေးတိုက်ခတ်မှုကိုတော့ အလူးအလဲခံစားရကာ တစ်ညတာကို ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရသည်။

၁၄. ၁. ၂၀၁၅ ရက်နေ့ ကွင်းဖွင့်ပွဲအခမ်းအနားများကျင်းပမည်ဖြစ်၍ စောစောထ နံနက်စာ စားကာ အခမ်းအနားကျင်းပမည့် ကွင်းပြင်သို့ စောစွာရောက်ရှိနေမိသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များမှာ မိမိတို့ထက် ဦးစွာရောက်ရှိနေကြပြီဖြစ်သည်။ ထို့ထက်ပို၍ ဦးစွာရောက်ရှိနေသူတို့မှာ နာဂတိုင်းရင်းသားများဖြစ်သည်။ မျိုးနွယ်စုအလိုက် မတူညီသော ဝတ်စားဆင်ယင်မှုများဖြင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပရန်အတွက် ကြိုတင်နေရာယူထားကြပြီး ဆက်လက်၍လည်း တစ်ဖွဲ့ဖွဲ့ လာရောက်နေကြသည်။ ကျွန်တော်တို့မှာတော့ အနွေးထည်၊ ခေါင်းစွပ်ကိုယ်စီဖြင့် ရှိနေကြသော်လည်း နာဂတိုင်းရင်းသားများကတော့ မချမ်းအေးနိုင်၊ တစ်နှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခွင့်ရရှိသော ၎င်းတို့၏ ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရန်အတွက် ထက်သန်သောအမူအရာများကို အထင်းသားမြင်တွေ့ရသည်။

အချိန်ကျရောက်ချိန်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနား၊ ပြခန်းများဖွင့်ပွဲ အခမ်းအနားများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရူစံကြူးနှင့် လေရှီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးတို့က ဖွင့်လှစ်ပေးပြီးနောက် တံခွန်တိုင်ထူခြင်း၊ ရိုးရာပန်ခေါက်ခြင်း၊ မျိုးနွယ်စုအလိုက် ရိုးရာအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြပါသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များမှာ နာဂတိုင်းရင်းသားတို့၏ ထူးခြားသော အဝတ်အစားများ၊ အကများ၊ ယဉ်ကျေးမှုပုံသဏ္ဌာန်များကို တွေ့မြင်ရသည့်အတွက် အံ့သြကြီးစွာ ဗီဒီယိုမှတ်တမ်းများ၊

စာမျက်နှာ ၇ သို့ ❖



# မြန်မာ့လွတ်လပ်ရေးနှင့် ဒေါက်တာ ဘတ်ကျန်း

## ဘရဂျက်(ရှ)

မည်သည့်နိုင်ငံမဆို တိုင်းတစ်ပါး၏ သူ့ကျွန်ဘဝဟူသော သံကြိုးဖြင့် ချည်နှောင်ခံရလျှင် ၎င်းတို့၏ နာကျင်ခံစားမှုဝေဒနာမှာ အနန္တဖြစ်လေသည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် ဖြစ်နိုင်သည့်နည်းလမ်းများဖြင့် တိုက်ပွဲဝင်ကြခြင်းမှာလည်း သဘာဝကျပေသည်။ တိုင်းတစ်ပါးသားတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်၍ တော်လှန်ကြပေသည်။ အသတ်ခံရခြင်း၊ ထောင်ချ ခံရခြင်း. . . စသည်အားဖြင့် စတေးမှုအမျိုးမျိုးပေးဆပ်ပြီးနောက် လုံးဝ အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်ရေးကို ရရှိသည့်အခါ ပြည်သူ အပေါင်း၏ ကျေနပ်ပျော်ရွှင်မှုသည်လည်း အနန္တပင်ဖြစ်သည်။

လွတ်လပ်သည့် နိုင်ငံတစ်ခုဖြစ်လာပြီးနောက် မိမိနိုင်ငံ၏ မြေသင်းနံ့၊ လေပြည်လေညင်း၊ စိမ်းလန်းစိုပြည်နေသည့် လယ်တော၊ ယာတောများ၊ တသွင်သွင်စီးဆင်းလျက်ရှိသော မြစ်များ၏ လှိုင်းပုတ်ခတ်သံများ၊ တောတောင်များစသည့် သဘာဝတရားများအားလုံးသည် ပိုမိုလှပလာ ကြကုန်သည်ဟု ခံစားမိကြသည်။ အကယ်၍ထိုလွတ်လပ်လာသည့် နိုင်ငံသည် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံဟုဆိုလျှင် ဆိုဖွယ်ရာမရှိတော့ပေ။ နိုင်ငံ၏ မြို့များ၊ ကျေးလက်တောရွာများ၊ တောင်ထိပ်ရှိစေတီတော်များပေါ်တွင် နံနက်ခင်း အရုဏ်ဦး၏ ရွှေရောင်အဆင်းရှိသည့် နေခြည်များ ဖြာလျက်ရှိသည်။ စေတီရှိ ဆည်းလည်းသံများသည်လည်း သာယာကြည်နူးဖွယ်ရာပင်ဖြစ်သည်။

မိမိတို့၏ ဇာတိချက်ကြွေမွေးရပ်မြေသည် မည်သို့ပင်ရှိစေကာမူ လောကနိဗ္ဗာန်ဘုံဖြစ်သည်ဟု ရှေးယခင်ကတည်းက လူများပြောဆိုလေ့ရှိခဲ့ကြ သည်။

နှစ်ပေါင်းများစွာ ပြည်သူများ၏ တော်လှန်မှုပြီးဆုံးပြီးနောက် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်အတွက် မြန်မာနိုင်ငံရှိ ပြည်သူတို့သာ ပျော်ရွှင်ကြသည်မဟုတ်ပေ။ အခြားနိုင်ငံများမှ ပညာရှိများ၊ အမှန်တရားလက်ခံသူများ၊ ကိုယ်ချင်းစာတရားထားတတ်သည့်သူများလည်း ပျော်ရွှင်မှုဖြင့် ဖုံးလွှမ်းသွားလေသည်။ ထိုသူများသည်လည်း မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပျော်ရွှင်မှုကို ဖော်ထုတ်ကြ လေသည်။ ထိုပုဂ္ဂိုလ်များအနက်မှ အိန္ဒိယနိုင်ငံမှ ဒေါက်တာဟရိဝံသျှရာ(ယ်) ဘတ်ကျန်းလည်း တစ်ဦး အပါအဝင်ဖြစ်လေသည်။ ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်းသည် ၎င်း၏ ရင်တွင်းခံစားချက်ကို ကဗျာဖြင့် ဖော်ထုတ်ရေးသားခဲ့သည်။ ကဗျာမူရင်းမှာ ဟိန္ဒီဘာသာဖြင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံရော အိန္ဒိယနိုင်ငံပါ လွတ်လပ်ရေးရယူရန် ကြိုးပမ်းစဉ်ကာလ နှစ်နိုင်ငံခေါင်းဆောင်များအကြား ကောင်းမွန်သော ပူးပေါင်းဆက်ဆံရေးရှိခဲ့ကြ သည်။ ဆရာတော် ဦးဥတ္တမမှာ ဟိန္ဒူမဟာဆဘာ၏ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့ပြီး နိုင်ငံရေးပါတီဖြစ်သော ကွန်ဂရက်ပါတီ၏ အလုပ်အမှုဆောင်ဖြစ်ခဲ့ သည်။ ဆရာတော် ဦးဝိစာရမှာလည်း ကွန်ဂရက်ပါတီအဖွဲ့ဝင်တစ်ဦးဖြစ်လေ သည်။ အိန္ဒိယနိုင်ငံမှ လွတ်လပ်ရေးခေါင်းဆောင်များဖြစ်ကြသော မဟတ္တမဂန္ဒီ၊ ဂျဝါဟာရ်လာ(လ်)နေရူး၊ ဆူဘတ်(စ်)ချန္ဒရာဘို့(စ်). . . အစရှိသည့် ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံမှ လွတ်လပ်ရေး ကြိုးပမ်းမှုခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဒေါက်တာဘမော်. . . စသူတို့မှာ လည်း တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ရင်းနှီးခင်မင်ကြသည့် ခေါင်းဆောင် များဖြစ်ကြသည်။ သို့ဖြစ်၍လည်း အိန္ဒိယပြည်သူများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုအကြောင်းကို သိနေကြသည်။

ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်းသည် အိန္ဒိယနိုင်ငံ အီလာဟာ ဘတ်တက္ကသိုလ်၏ အင်္ဂလိပ်ဘာသာပြကထိက ဖြစ်သည်။ အိန္ဒိယလွတ်လပ် ရေးခေါင်းဆောင်များနှင့် ရင်းနှီးသည့်အလျောက် နိုင်ငံတကာရေးရာပြောဆို ရာတွင် မြန်မာနိုင်ငံအကြောင်းလည်း ကြားသိရလေ့ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုကို ကောင်းစွာသိရှိသူဖြစ်သည်။ မြန်မာနိုင်ငံသားများအပေါ် လေးစားစိတ်ရှိသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသတင်းကို ကြားသိရပြီး နောက် ကဝိ၏ နှလုံးသားမှာ ပျော်ရွှင်မှုအပြည့်ခံစားရသည်။ ဤသို့ဖြင့် သူ၏ နှလုံးသားမှာ ကဗျာတစ်ပုဒ်ပွင့်အံလာလေတော့သည်။

**မြန်မာနိုင်ငံ၏ လွတ်လပ်ရေးပေါ်ဝယ်**

**နိဗ္ဗာန်မှပျော်ရွှင်ခြင်း ခေါင်းလောင်းသံများ မြည်ဟီးနေချိန်**
**အောင်သပြေညောင်ရေအိုး ပြင်ဆင်နေချိန်၊ အောင်တံခွန်အလံလွှင့်တင်နေချိန်**
**ရှိရှိသမျှသော နတ်ဒေဝတာများအားလုံး၊ ပျော်ရွှင်မှုအတိဖြင့် ကြည်နူးနေချိန်**
**တစ်နေရာမှာ ကျွန်သပေါက်များရဲ့ လက်ထိတ်နှင့် ခြေကျင်းတွေ**
**တစ်စစီပြုတ်ထွက်နေပါတယ်။**
**ဟိန္ဒူမြေ(အိန္ဒိယ)မှ ကျွန်ဇာတ်လမ်းတစ်ခုတည်း လွတ်မြောက်ခြင်းမဟုတ်**
**ဖိနှိပ်ခံဘဝများအတွက် ရရှိတဲ့လမ်းသစ်တစ်ခုပါ**
**အာရှတစ်တိုက်လုံး လွတ်လပ်ရေးရရှိရန်ချိန်ခါ**
**ဤကောင်းမွန်သော အခါသမယ ယခုမဝေးတော့ပါ။**
**မြန်မာနိုင်ငံလည်း ယနေ့ လွတ်လပ်ရေးရပြီ**
**ဗြိတိသျှတွေရဲ့ ကြမ်းတမ်းတဲ့ထမ်းပိုးအောက်မှ လွတ်မြောက်ပြီ**
**ရာ-ထောင်မက အကြိမ်ကြိမ်အခါခါ ဟိန္ဒူတို့မှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်**
**မြန်မာတို့ရဲ့ ပျော်ရွှင်မှုပြည့်ဝနေတဲ့ မျက်လုံးများ မြင်တွေ့ရပြီး**
**အိန္ဒိယသား ကျွန်ုပ်တို့လည်း ပျော်ရွှင်ရပါသည်။**

**ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်း**

***[မူရင်းဟိန္ဒီကဗျာကို မြန်မာဘာသာစကားပြေအဖြစ်သာ ပြန်ဆိုထားပါသည်။]***

ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်းသည် အိန္ဒိယနိုင်ငံမှ ဂုဏ်ပြု ချီးမြှင့်သော စာပေဆုကို ရရှိခဲ့သူဖြစ်သည်။ ကဗျာဆရာကို ၁၉၀၇ ခုနှစ် နိုဝင်ဘာလ ၂၆ရက်နေ့တွင် 'အီလာဟာဘတ်'မြို့တွင် မွေးဖွားခဲ့လေသည်။ ၁၉၅၂ မှ ၁၉၅၄ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် 'အီတ(စ်)'၏ ကဗျာများအား သုတေသနစာတမ်းပြုစု၍ 'ကိန်းဘရစ်'တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရယူခဲ့ပါ သည်။ ထို့နောက် အင်္ဂလန်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး အီလာဟာဘတ်တက္ကသိုလ်တွင် အင်္ဂလိပ်စာကထိက တာဝန်ကို ပြန်လည် ထမ်းဆောင်ခဲ့သည်။

"မဓုသျှာလာ" သည် သူ၏ စာအုပ်ပေါင်းများစွာအနက် နာမည် အကျော်ကြားဆုံးသော စာအုပ်တစ်အုပ်ဖြစ်သည်။ "မဓုသျှာလာ" ဟု အမည်တွင်သော တေးကဗျာများသည် ဟိန္ဒီကဗျာစာပေ လောကတွင် အလွန်တရာ ထင်ရှားကျော်ကြားသော ရေးဖွဲ့သီကုံးမှုပင်ဖြစ်ပါသည်။ "မဓုသျှာလာ" ၏ အဓိပ္ပာယ်မှာ "ယမကာဆိုင်" ဖြစ်ပါသည်။ "မဓုသျှာလာ" ကို ရေးဖွဲ့စပ်ဆိုသူကိုယ်တိုင်က ပရိသတ်များအကြားတွင် ကာရန်ညီညီ စည်းဝါးကျနစွာဖြင့် သီဆိုခဲ့ပါသည်။ ဤသည်ကပင် "မဓု သျှာလာ" တေးကဗျာကို ထင်ရှားကျော်ကြားစေသော အကြောင်းတစ်ရပ် ဖြစ်လာခဲ့ပြီး နားဆင်ကြသော သောတရှင်များမှာလည်း မြူးမြူးကြွကြွဖြစ်သွား ခဲ့ကြပေသည်။

ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်းသည် "အာကာသဝါဏီ" အိန္ဒိယ အသံလွှင့်ဌာန၌ ဟိန္ဒီဘာသာဖြင့် ထုတ်လွှင့်သူအဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အထက်လွှတ်တော်အမတ်အဖြစ်လည်း ခြောက်နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါက်တာ ဟရိဝံသျှရာ (ယ်)ဘတ်ကျန်း ရေးသားပြုစုခဲ့သော စာအုပ်ပေါင်း ၅၇ အုပ်ရှိခဲ့ပြီး နိုင်ငံတော်မှ ချီးမြှင့်သော အမြင့်ဆုံးစာပေဆုနှင့် အခြားစာပေဆုအမျိုးမျိုး ကိုလည်း ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၈ရက်နေ့တွင် ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်း လူ့လောကကြီးကို နှုတ်ဆက်ထွက်ခွာ သွားလေ သည်။

အိန္ဒိယရှိ ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီး 'အမိတာ(ဘ်)ဘတ်ကျန်း'မှာ ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်း၏ သြရသသားကြီးဖြစ်ပါသည်။ ၎င်းသည် ပရိသတ်များ၏ တောင်းဆိုချက်အရ 'ရေဒီယိုနှင့် ရုပ်မြင်သံကြား' များတွင် ဖခင်ဖြစ်သူ ဒေါက်တာ ဟရိဝံသျှရာ(ယ်)ဘတ်ကျန်း၏ တေးကဗျာများကို မကြာခဏ ပြန်လည်သီဆိုဖြေဖျော်ပေးရလေ့ရှိပါသည်။

◆ စာမျက်နှာ ၆ မှ

ဓာတ်ပုံမှတ်တမ်းများကို အဆက်မပြတ် ရိုက်ကူးရင်း တက်ကြွလန်းဆန်းစွာ လှုပ်ရှားဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အပြင် နာဂတိုင်းရင်းသားများနှင့်အတူ ပန်ခေါက်ခြင်း၊ အတူတွဲကာဓာတ်ပုံရိုက်ခြင်းများကို ပျော်ရွှင်စွာ ဝင်ရောက်ဆင်နွှဲနေသည်ကို တွေ့ရသည်။

ပွဲတော်သို့ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး နှုတ်ခွန်းဆက်ပြောကြားခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပစ္စည်းများထောက်ပံ့ခြင်း၊ ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခြင်း၊ ခြုံစောင်များ၊ စာသင်ခန်းသုံးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်နှင့် ဆေးဝါးများ၊ ဘုရားဆင်းတုတော်များ၊ ရေဒီယို၊ တီဗွီများ၊ ရုပ်သံဖမ်းစက်များကို ထောက်ပံ့ပေးသကဲ့သို့ နာဂတိုင်းရင်းသား အကြီးအကဲများကလည်း ဌာနဆိုင်ရာအကြီးအကဲများကို တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ပေးခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများကို ဆောင်ရွက်ကြပါသည်။

ကျွန်တော်တို့နှင့်ပါလာသော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များမှာ အထူးဧည့်သည်တော်များအဖြစ် နေရာပေးကြ၍ သီးခြားပွဲကြည့်စင်တွင် နေရာယူကာ အဆင်ပြေစွာ နားနေကြည့်ရှုခွင့်ကို ရရှိကြပါသည်။ အစီအစဉ်အရ လူမျိုးစု ၁၂ စုမှ ရိုးရာအကများဖြင့် ဖျော်ဖြေကြပြီး နာဂတိုင်းရင်းသားများမှ ဒေသထွက် ခေါင်ရည်၊ နွားနောက်သားများ၊ ရိုးရာအစားအစာများဖြင့် ဧည့်ခံကြရာ နိုင်ငံခြားသားဧည့်သည်များမှာ မြည်းစမ်းကြည့်ရင်း ကြိုက်နှစ်သက်ကြသည်ထင်ပါသည် ဆက်လက်မှာယူစားသောက်ကြပါသည်။

ညနေပိုင်းတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲကို ဆက်လက်ကျင်းပခဲ့ရာ နာဂမျိုးနွယ်စု ၄၀ ခန့်မှ လူမျိုးစုအလိုက် ရိုးရာဝတ်စုံများ၊ ရိုးရာတေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေခြင်း၊ နာဂမော်ဒယ်ရှိုးများ ပြသခြင်းများ ပျော်ရွှင်စွာဆင်နွှဲကြပါသည်။ ကျွန်တော်တို့အဖွဲ့ကိုလည်း နာဂတိုင်းရင်းသူများက ခေါင်ရည်များ၊ နွားနောက်သားများဖြင့် ဧည့်ခံကျွေးမွေးရာ အေးမြသောရာသီဥတုနှင့် လိုက်ဖက်ညီလှသဖြင့် ကျွန်တော်တို့အဖွဲ့ စားလိုက်သောက်လိုက်၊ မှတ်တမ်းတင်လိုက်ဖြင့် သက်ဝင်လှုပ်ရှားနေမိပါသည်။ နာဂတိုင်းရင်းသား များအဖွဲ့လိုက် မီးပုံကြီးအားပတ်၍ ကခုန်နေမှုများကို နိုင်ငံခြားသားများမှ မှတ်တမ်းများရိုက်ယူရင်း တိုင်းရင်း သားများနှင့်အတူ လက်တွဲ၍ ပါဝင်ကခုန်ဆင်နွှဲနေကြပြီး ၎င်းတို့၏ မျက်နှာမှာ ပျော်ရွှင်မှုများကို အထင်းသားတွေ့မြင်နေရပါသည်။

ထူးခြားမှုကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဖိလစ်ပိုင်လူမျိုး ထိုင်းနိုင်ငံသူကလည်းကောင်း၊ အမေရိကန်နိုင်ငံသူသုံးဦးက လည်းကောင်း သီချင်းများနှင့် သီဆိုဖျော်ဖြေမှုမှာ နာဂတိုင်းရင်းသားတို့၏ အားပေးမှုကိုရရှိပြီး တောင်းဆိုမှုအများဆုံး အဆိုရှင်ကတော့ အဆိုတော်ဂျက်မြသောင်းပင် ဖြစ်ပါသည်။ နာဂတိုင်းရင်းသားတို့မှ ကိုဂျက်မြသောင်းကို အားပေးပုံကတော့ အံ့သြရသည်။ ဟုမ္မလင်း၊ ထမံသီ၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ နာဂတိုင်းရင်းသားတို့က တစ်ပုဒ်ပြီးတစ်ပုဒ် တောင်းဆိုသည်။ နောက်ဆုံး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများကိုယ်တိုင် ကြပ်မတ်ပိတ်သိမ်းခိုင်းရသည်အထိ ဖြစ်သည်။ ပွဲတော်ကျင်းပရာနေရာမှ ပြန်တော့ ညသန်းခေါင်ကျော် ၁ နာရီ ထိုးခါနီးပြီဖြစ်သည်။

၁၆. ၁. ၂၀၁၅ ရက်နေ့ နံနက် ၄ နာရီခွဲတွင် နှိုးစက်သံနှင့်အတူ အိပ်ရာထ သန့်ရှင်းမှုပြုလုပ်၊ အထုပ်အပိုးသိမ်းဆည်း၍ ပစ္စည်းများတင်ဆောင်မည့် ကားပေါ်သို့ ကျောပိုးအိတ်အား ပို့ဆောင်ပြီး ကမ္ဘာလှည့်ခရီးသည်များကို အခန်းစေ့လိုက်လံခေါ်ယူ၍ သက်ဆိုင်ရာကားပေါ်သို့ အရောက်တင်ဆောင်ပြီး လူစုံ၊ မစုံစစ်ဆေးကာ စတင်ထွက်ခွာလာချိန်မှာတော့ လေရှီးမြို့လေးက အိပ်မောကျနေဆဲပင် ဖြစ်ပါသည်။ လေရှီးမြို့လေးကိုတော့ ပြန်လည်ဆုံတွေ့ကြပါဦးစို့ဟု တိုးတိတ်စွာနှုတ်ဆက်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသား ၁၃၅ မျိုးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှု၊ အသက်မွေးဝမ်းကျောင်းမှုများ ကိုယ်စီရှိကြသည်။ လူမျိုးစုတိုင်း ထူးခြားမှုဝိသေသရှိကြသည်။ နာဂတိုင်းရင်းသားတို့ကား ကြံ့ခိုင်မှုနှင့် ရဲစွမ်းမှု ပိုမိုရှိကြပြီး ရှေးကတည်းကပင် တိုက်ခိုက်ရေး၊ သူရဲကောင်းများဖြစ်ကြသည်။ သူတို့၏ ရိုးရာယဉ်ကျေးမှု ကပြဖျော်ဖြေမှု ပုံစံသည်ပင် တက်ကြွလှသည်။ ညာသံပေးကာ သံပြိုင် အော်ဟစ်မှုကပင် တိုက်ပွဲတစ်ခုအတွက် စည်းလုံးမှုခွန်အားကို ဖြစ်စေသည်။ ထူးခြားသော ဝတ်ဆင်မှု၊ ထူးခြားသော ရိုးရာဓလေ့များကြောင့် ကမ္ဘာလှည့်ခရီးသည်များ အလွန်ကြိုက်နှစ်သက်ကြသည်။ ကမ္ဘာလှည့်ခရီးသွားများမှ နာဂတိုင်းရင်းသားများ၏ မျက်နှာ၊ ဝတ်စားဆင်ယင်မှုများကို အနီးကပ် close up ဆွဲကာ ရိုက်ကူးမှတ်တမ်းတင်ကြသည်။ ဈေးနှုန်းကြီးမြင့်လှသော ခရီးစရိတ်များ အကုန်အကျခံကာ လာရောက်လေ့လာကြသည်။ ၎င်းတို့၏ လာရောက်လေ့လာမှုခရီးစဉ်များ၏ အတွေ့အကြုံများကို ၎င်းတို့မိတ်ဆွေများ၊ ၎င်းတို့၏ လူမှုကွန်ရက်များ၊ မီဒီယာများမှတစ်ဆင့် ပိုမိုကျယ်ပြန့်စွာ သိရှိစေမည်။ တစ်ဆင့်လမ်းကမ်းပြောဆိုကြမည်။ တိုက်ဆိုင်မှုများရှိလျှင် ပြန်လည်သတိတရ ပြောဆိုကြဦးမည်မှာ သေချာသည်။ ယခုခရီးစဉ်အတွက် သူတို့၏ ပျော်ရွှင်စွာ ကြည်နူးပီတိဖြစ်မှုများမှာ ထိုးဖောက်မြင်နေရသည်။

အိမ်နီးချင်းနိုင်ငံများတွင် လူလုပ်ဖန်တီးသော ပညာများဖြင့် ကမ္ဘာလှည့်ခရီးသည်များကိုဆွဲဆောင်ကာ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်အောင် ကြိုးစားနေကြသည်။ အောင်လည်း အောင်မြင်နေကြသည်။ ကမ္ဘာလှည့်ခရီးသည်များ အဓိကစိတ်ဝင်စားလေ့လာလိုသည်မှာ သဘာဝ ပကတိအနေအထားဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖန်တီးမှုမပါသော၊ ရိုးရှင်းသော၊ သဘာဝကျသော၊ ပကတိအရှိတရားများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ဖမ်းစားနိုင်သော်လည်း တစ်နိုင်ငံလုံးငြိမ်းချမ်းရေး ရရှိရန် လိုအပ်နေသေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ သွားလာမှုမလွယ်ကူခြင်း၊ ဈေးကွက်မြှင့်တင်မှု အားနည်းခြင်း၊ ခရီးစဉ်ဈေးနှုန်းကြီးမြင့်ခြင်း၊ ခရီးစဉ်ဈေးနှုန်းနှင့် ထိုက်တန်သောဝန်ဆောင်မှုဖြစ်ရန် လိုအပ်နေသေးခြင်း၊ တည်းခိုပို့ဆောင်ရေးစရိတ်များ ကြီးမြင့်ခြင်းများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားတစ်ခုသဖွယ် ဖြစ်နေသည်ဟု မြင်မိသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အား ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ နှစ်သစ်ကူးပွဲတော်ကို ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာမှုအခြေအနေမှာ သိသာစွာ တိုးတက်လာမှုမရှိသေးကြောင်း တွေ့ရသည်။ ၂၀၀၆ ခုနှစ်တွင် ၃၉ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၅၄ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၆၀၊ ၂၀၀၉ ခုနှစ်တွင် ၁၁ ဦး၊ ၂၀၁၀ ခုနှစ်တွင် ပို့ဆောင်ခြင်းမပြု၊ ၂၀၁၁ ခုနှစ်တွင် ၁၃ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၃၇ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၆ ဦး၊ ၂၀၁၄ ခုနှစ်တွင် ၂၇ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၇၈ ဦး လာရောက်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့အတွက် အခြေခံကောင်းများရှိလျက် တစ်နှစ်ထက် တစ်နှစ် အားရဖွယ်ရှိလောက်သည့် အရေအတွက်သို့ တိုးတက်ဝင်ရောက်မှုမရှိသည်ကို အားမလိုအားမရဖြစ်မိသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရပေါ်တွင်သာ တာဝန်ရှိသည်ဟု ပုံချနေရသူများလည်း ရှိသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးတွင် တာဝန်ရှိပါသည်။ သို့အတွက် နိုင်ငံတော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ ပြည်သူလူထုတို့က မိမိတို့မြန်မာနိုင်ငံ၏ ခရီးသွားအရင်းအမြစ်များကို မှန်ကန်စွာအသုံးပြုကာ နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အားပေး၊ မြှင့်တင်၊ ပံ့ပိုးမှုများ ဆောင်ရွက်ခြင်း၊ မှန်ကန်သော ဆုံးဖြတ်ချက်များ၊ ရေရှည်တည့်တံ့အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ချမှတ်ခြင်း၊ ရေတို ရေရှည်စီမံကိန်းများ၊ မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ခြင်းများဖြင့် ဆောင်ရွက်လျှင် လိုရာခရီးပန်းတိုင်သို့ မကြာသောအချိန်အတွင်း လျင်လျင်မြန်မြန်ရောက်ရှိနိုင်ကြောင်းကို ချင်းတွင်းမြစ်အပေါ် အစုန်ခရီးနှင်နေသော စက်လှေ၏ ဦးထိပ်တွင် တစ်ကိုယ်တည်းထိုင်လျက် အလျင်မပြတ်တွေးရင်းငေးရင်းဖြင့် လေရှီးမြို့ကလေးနှင့် တဖြည်းဖြည်းဝေးရာဝေးရာသို့ ရောက်ရှိခြင်းနှင့်အတူ ကျွန်တော်၏ အတွေးများကလည်း----။ ။

# ရန်ကုန်မြို့ရှိ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များဓမ္မတေးအဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နေအိမ်သို့လာရောက်၍ ခရစ္စမတ်ဓမ္မတေးသီချင်းများသီဆိုပြီး ငြိမ်းချမ်းရေးဆုတောင်းစကားများ ဂုဏ်ပြုပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နေအိမ်သို့ ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့လာရောက်၍ ခရစ္စမတ် ဓမ္မတေးသီချင်းများသီဆိုပြီး ငြိမ်းချမ်းရေးဆုတောင်းစကားများ ဂုဏ်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**အလှူငွေများပေးအပ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မိသားစုက ဓမ္မတေးသီချင်းများ သီဆိုရာတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် တူရိယာပစ္စည်းနှင့် အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**✻ ရခိုင်ပြည်နယ်မှ**
ယာယီသက်သေခံလက်မှတ်များ ပြန်လည်အပ်နှံမှု စုစုပေါင်း ၄၆၉၁၈၃ ဦးအနက် ၃၂၀၁၆ ဦးအား Identity Card for National Verification ကတ်ပြားများ ထုတ်ပေးပြီးစီးပြီးဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ယာယီသက်သေခံလက်မှတ် ပြန်လည်အပ်နှံမှု စုစုပေါင်း ၃၉၇၄၉၇ ဦးရှိသည့်အနက် ၆၀၇၇ ဦးကို Identity Card for National Verification ကတ်ပြားများ ထုတ်ပေးပြီးစီးပြီးဖြစ်ကြောင်းနှင့် ယင်းကတ်ပြားများ ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် သုံးမျိုးစာရင်းကောက်ယူခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနား ရွှေဘိုမြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများ အဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အဆိုပါ အခမ်းအနားတွင် မြန်မာ့အသံ၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံမှ အစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ရေဒီယိုဇာတ်လမ်း လက်တွေ့သရုပ်ပြတင်ဆက်ခြင်းတို့ ပါဝင်မည်ဖြစ်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများလည်း ပေးအပ်မည်ဖြစ်သည်။

အခမ်းအနားသို့ မြန်မာ့အသံချစ်သူအဖွဲ့ဝင် မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၀၆၇-၇၉၂၁၅ သို့ ဇန်နဝါရီ ၆ ရက်နောက်ဆုံးထား စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူများအဖွဲ့သို့ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်လိုသူများအနေဖြင့် အဆိုပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝင်ရောက်နိုင်ပြီး အခမ်းအနား တက်ရောက်ရန်အတွက်ပါ စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ဒေးဒရဲမြို့နယ်တွင် မူလတန်းကြိုကျောင်း တည်ဆောက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**
တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းသည့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရေတွင်းကုန်းကျေးရွာ အမေ့အိမ် မူလတန်းကြိုကျောင်း ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက အဆိုပါ မူလတန်းကြိုကျောင်းတွင် ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲသို့ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ကိုယ်စား အသင်းအမှုဆောင် ဦးကျော်နိုင်နှင့် အသင်းဝင်များ၊ ကျေးရွာရပ်မိရပ်ဖနှင့် မူကြိုကျောင်းကော်မတီဝင်များ၊ တာဝန်ခံကျောင်းအုပ် ဒေါ်တင်တင်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ မူကြိုကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

အလျား ၂၇ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေ ရှိ သံကူကွန်ကရစ် အမျိုးအစား အဆိုပါ တစ်ထပ်မူလတန်းကြိုကျောင်း အဆောက်အအုံကို ၂၀၁၆ ခုနှစ် မတ် ၇ ရက်တွင် စတင်ပန္နက်ရိုက်တည်ဆောက်ခဲ့ပြီး စုစုပေါင်း ကျပ် သိန်း ၆၀ ခန့်ကုန်ကျခဲ့ကာ ဩဂုတ် ၂၀ ရက်မှစတင်ကာ ကျောင်းသား ကျောင်းသူများကို ပြောင်းရွှေ့လက်ခံသင်ကြားစေခဲ့သည်။

"အမှန်တော့ ဒီထက်မက ကုန်ကျရမှာ။ လက်သမားခတွေနဲ့ သစ်ဖိုးတွေက ရွာရဲ့လုပ်အားဒါနမို့လို့ ခုလိုစရိတ်သက်သာသွားတာပါ။ မူကြိုကျောင်းအပြင် ကျေးရွာရဲ့စုဝေးခန်းမအနေနဲ့ပါ အသုံးပြုဖို့ရည်ရွယ်ထားပါတယ်။ ဒီဒေသက ဥတို၊ ရေတွင်းကုန်းနဲ့ သံဒိတ်ကျေးရွာသုံးခုမှာ နာဂစ်မုန်တိုင်းတိုက်ပြီးကတည်းက ပြန်လည်ထူထောင်ရေးနဲ့ လူမှုရေးလုပ်ငန်းတွေကို ကျွန်တော်တို့အသင်းက ငါးနှစ်လောက် ဆက်တိုက်လုပ်လာခဲ့တာ အခုပညာရေးပံ့ပိုးမှုတွေကို ဆက်လုပ်ပေးနေပါတယ်"ဟု အသင်းအမှုဆောင် ဦးကျော်နိုင်က ရှင်းပြသည်။



ပုံပြောသူများက ပုံပြောဖျော်ဖြေတင်ဆက်နေစဉ်။ ဓာတ်ပုံ(ကျော်နိုင်)

အဆိုပါ မူလတန်းကြိုကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်အတူ ရေတွင်းကုန်းကျေးရွာမှ ဒေသခံများကို အသင်းဆေးကုရေးအဖွဲ့ဝင် ဆရာဝန်၊ သူနာပြုနှင့် ဆေးဝါးကျွမ်းကျင်များက အခမဲ့ ဆေးဝါးကုသပေးခြင်း၊ ကျေးရွာမူလတန်းလွန်ကျောင်းနှင့် အမေ့အိမ်မူလတန်းကြိုကျောင်းတို့အတွက် လက်ရေးလှုစာအုပ်များ လှူဒါန်းခြင်း၊ ပုံပြောသူများအဖွဲ့က ပုံပြင်များပြောကြားခြင်း၊ မိဘမဲ့၊ မသန်စွမ်းနှင့် ချို့တဲ့နွမ်းပါး အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြပြီး ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင်လည်း ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ ရေစက်ချတရားနာယူခဲ့ကြသည်။ **(ခင်ဇာလီ)**

# အမှီအခိုကင်းသော မသန်စွမ်းသူများအဖြစ် ရပ်တည်နိုင်ရေးကြိုးပမ်းဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**
မြန်မာ့လူ့အဖွဲ့အစည်းအသိုက်အဝန်း၌ အမှီအခိုကင်းသော မသန်စွမ်းသူများအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ မီဒီယာတွေ့ဆုံပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က "မသန်စွမ်းသူများ အခွင့်အရေးအတွက် ဥပဒေကပြဋ္ဌာန်းပြီးသားပါ။ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုပပျောက်ရေးတွေ လုပ်ဆောင်နေသလို တစ်ဖက်ကလည်း မသန်စွမ်းသူတွေကို ဘယ်လိုအားပေးကူညီမှုတွေ လုပ်ဆောင်ပေးနိုင်မလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ကုန်မြို့တော်ရဲ့ နှစ် ၄၀ စီမံကိန်းမှာ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးတွေကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ယနေ့ကမ္ဘာကြီးမှာ လူသားတွေရဲ့ ပျော်ရွှင်မှု အပါအဝင်လုံခြုံဘေးကင်းတဲ့ ကမ္ဘာကြီးမှာ မသန်စွမ်းသူတွေ ပါဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် မသန်စွမ်းသူများ တန်းတူညီမျှအခွင့်အရေးရရှိရေး၊ လူမှုအသိုက်အဝန်းအတွင်း အမှီအခိုကင်းစွာ ဝင်ဆံ့လာနိုင်ရေးတို့အတွက် ရည်မှန်းချက်ထားဆောင်ရွက်နေသော မသန်စွမ်းသူများကိုယ်တိုင်ဦးဆောင်သည့် လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ စီအီးအို ဦးနေလင်းစိုးက မသန်စွမ်းသူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေးလိုအပ်ချက်များကိုပြောကြားသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)သည် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုတွင် နယ်ရုံးခွဲ ၂၉ ခု ဖွင့်လှစ်ကာ အသင်းဝင်မသန်စွမ်းသူ ၂၇၂၇ ဦးနှင့် ဝန်ထမ်း ၅၆ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း သိရသည်။ **(အောင်ကျော်ဦး)**

■

**○ မြန်မာအမျိုးသမီးအသင်းမှ**
ယူ-၁၉ အမျိုးသမီးအသင်းမှ ကစားသမားများကို ထပ်မံအားဖြည့်ရွေးချယ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ မေလတွင် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ဩဂုတ်လတွင် (၂၉) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခု တရုတ်ဖိတ်ခေါ်ပြိုင်ပွဲမှာ အာရှဖလား ခြေစစ်ပွဲမတိုင်မီ အကောင်းဆုံးပြင်ဆင်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ကစားသမားများကို အမာခံထားကာ ပြန်လည်ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာက ကိုင်တွယ်လျက်ရှိသည်။ ရော်ဂျာရိုင်နာသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူပေးနိုင်ခြင်းမရှိသော်လည်း မြန်မာအမျိုးသမီးအသင်းကို ခြေစွမ်းပိုင်းတိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဇန်နဝါရီလမှစ၍ ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများမတိုင်မီ ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် တရုတ်အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လက်ရွေးစင်အဆင့် အမျိုးသမီးအသင်းများဖြင့် ကျင်းပမည်ဖြစ်သည်။ လက်ရှိတွင် အိမ်ရှင် တရုတ်လက်ရွေးစင်အသင်းအပါအဝင် ယူကရိန်းလက်ရွေးစင်အသင်း၊ မြန်မာလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး တရုတ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အခြားအသင်းတစ်သင်းအား ထပ်မံဖိတ်ကြားလျက်ရှိသည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ်လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကလည်း ကျင်းပခဲ့ပြီး တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် မက္ကဆီကိုအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ အိမ်ရှင်တရုတ်အသင်း ဗိုလ်စွဲခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

■

# မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာများဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ မြေယာအခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Keiichi ISHII နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စ၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ် တည်ဆောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုများ၊ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုကိစ္စများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးခဲ့သည့် ရေယာဉ်သုံးစင်းကို လက်ခံဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ဆွေးနွေးသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုသည့် စီမံကိန်းကိစ္စရပ်များကိုလည်း ဆွေးနွေးသည်။

ယင်းနောက် ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဆင်ဖြူတော် ထားရှိရာနေရာနှင့် Mount Pleasant Hotel သို့ သွားရောက်၍ နေပြည်တော်တစ်ခွင်အား လေ့လာကြည့်ရှုသည်။ ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးခဲ့ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား သွားရောက်တွေ့ဆုံခဲ့သည်။ ထို့အပြင် ဂျပန်ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် Hilton Hotel ၌ ကျင်းပသော သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Round Table Meeting ကို တက်ရောက်သည်။ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သုံးခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တာဝန်ရှိသူများနှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ဂျပန်နိုင်ငံ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာသွားသည်။ ဝန်ကြီးနှင့်အတူ ဂျပန်နိုင်ငံ၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် အမှုထမ်းများ၊ JICA Myanmar Office မှ ဌာနေကိုယ်စားလှယ်တို့ လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျနီဗာသဘောတူညီချက်နှင့် လူ့အခွင့်အရေးဆိုင်ရာကာကွယ်စောင့်ရှောက်ရေးဆိုင်ရာသင်တန်း ဖွင့်လှစ်

**စစ်တွေ ဒီဇင်ဘာ ၂၆**




အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ဂျနီဗာသဘောတူညီချက်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက စစ်တွေမြို့ မင်းသူရိယခန်းမတွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ယနေ့ဖွင့်လှစ်သော သင်တန်းသည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စများနှင့် ပတ်သက်ဆက်နွှယ်ဆောင်ရွက်နေမှုများကို သိရှိနားလည်စေရန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ယင်းနောက် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center For Diversity and National Harmony)မှ ဒေါက်တာကျော်ရင်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကို ဆက်လက်သင်ကြားရာ ဒေါက်တာကျော်ရင်လှိုင်က လူ့အခွင့်အရေးဆိုင်ရာအယူအဆ သဘောတရားများ၊ သမိုင်းကြောင်းများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း စသည့်ခေါင်းစဉ်များဖြင့် သင်ကြားခဲ့ရာ သင်တန်းသား သင်တန်းသူများက လူ့အခွင့်အရေးများနှင့် ပတ်သက်၍ မိမိတို့ သဘောထားအမြင်များကို အဖွဲ့လိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ယင်းသင်တန်းသို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ဆွေနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❖ **ကျောဖုံးမှ**

လက်တံမြောင်း ၃၅ ခု၊ လက်တံမြောင်းအလျား ၇၁ ဒသမ ၉ မိုင်ရှိသည်။ ကြက်မောက်တောင်ရေလှောင်တမံကို ၁၉၆၁ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သဖြင့် တော်လှန်ရေးကောင်စီလက်ထက် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ခဲ့သည့် ဆည်ဖြစ်သည်။ ကြက်မောက်တောင်ဆည်မှ ရေသိုလှောင်ပြီး လယ်မြေဧက ၂၉၇၈၆ ဧကပေါ်တွင် သီးနှံဧရိယာ ၄၈၂၅၃ ဧကကို ရေပေးဝေနိုင်ရေးအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကြက်မောက်တောင်ဆည်ရေကူပေးရေးအတွက် ပင်းချောင်းရေလှောင်တမံကို မုံကမ်းရွာအနီး ပင်းချောင်းပေါ်တွင် မြေသားတမံပိတ်ပြီး ကြက်မောက်တောင်ဆည်၏ လက်ဝဲတူးမြောင်းရေသောက်စနစ် အဖျားပိုင်းရှိရေသောက်ဧရိယာ ဧက ၅၀၀၀ ကို ၂၀၀၁ ခုနှစ်မှစ၍ ရေပေးဝေလျက်ရှိသည်။

ကြက်မောက်တောင်ဆည်သို့ ရေကူပေးရေးစီမံကိန်းတွင် ပါဝင်သည့် တောင်ရေ ရေလှောင်တမံကို ၂၀၀၄ ခုနှစ်မှစ၍ ရေကူပေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ကြက်မောက်တောင်ဆည်ပေါ်သို့ ရေကူပေးရေးအတွက် ကျောက်တံခါး ရေလှောင်တမံကို တည်ဆောက်ပြီး ၂၀၀၄ ခုနှစ်မှစ၍ ကြက်မောက်တောင်ဆည်ပေါ်သို့ တစ်ဆက်တစ်စပ်တည်း ရေကူပေးနိုင်ခဲ့သည်။

ထို့ကြောင့် ကြက်မောက်တောင်ဆည်ရေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများမှာ ၂၀၀၂ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ၁၅ နှစ်လုံးလုံး ဆည်ရေဖြင့် နွေစပါး၊ မိုးစပါးနှင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများ စိုက်ပျိုးခဲ့သဖြင့် ဝင်ငွေများတိုးပြီး လယ်ယာသီးနှံများဖွံ့ဖြိုးတိုးတက်အောင်မြင်နေသည်။ ယခုနှစ်တွင်လည်း မိုးစပါး ၄၆၇ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၁၀၁ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ နွေစပါးကို ဧက ၁၀၀ စိုက်ပျိုးရန် လျာထားခဲ့သော်လည်း ၁၁၆ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ နွေနှမ်းကို ၁၁၂၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ကြက်မောက်တောင်ရေလှောင်တမံမှ ဆည်ရေဖြင့် ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်သူလယ်သမားများမှာ နွေစပါး၊ မိုးစပါး၊ နွေနှမ်းအပြင် ငရုတ်၊ ကြက်သွန်များပါ စိုက်ပျိုးနိုင်သဖြင့် ဝင်ငွေနှစ်ဆတိုးကာ သီးနှံများ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ကြက်မောက်တောင်ဆည်ရေဖြင့် ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ နယ်ကျော်ဖြတ်သန်းရောင်းဝယ်မှုမရှိစေရေး ကွင်းဆင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းနှင့် သယ်ဆောင်မှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများ ဖွဲ့စည်းထားခဲ့ပြီးဖြစ်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် နေပြည်တော် လယ်ဝေးမြို့နယ် နွားပွဲဈေးသို့ ဒီဇင်ဘာ ၂၂ ရက်နံနက် ၈ နာရီခွဲက တာဝန်ရှိသူများ ကွင်းဆင်း၍ ကျွဲ၊ နွားရောင်းချသူများ၊ လာရောက်ဝယ်ယူသူများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ဦးအောင်ငြိမ်းချမ်း၊ မြို့နယ် တိ/မွေး/ကု ဦးစီးဌာနမှ ဒေါက်တာအောင်စိုးမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ရွှေသာဦး၊ မြို့နယ်ဥပဒေရုံးမှ ဒေါ်ဝေမာ၊ မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ပြီး ဖွဲ့စည်းထားသည့်ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အရေးယူဆောင်ရွက်နိုင်မှုများကို ကဏ္ဍအလိုက်ရှင်းလင်းခဲ့သည်။

နေပြည်တော် လယ်ဝေးမြို့နယ် နွားပွဲဈေးသည် ငါးရက်တစ်ပတ်ဈေးဖြစ်ပြီး ဈေးပတ်အလိုက် ကျွဲ၊ နွားကောင် ၁၀၀ ဝန်းကျင် လာရောက်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ရုရှားနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay Listopadov သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ Tyazhpromexport (TPE) ကုမ္ပဏီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၏ စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ (Pig Iron) သံစိမ်းများ စဉ်ဆက်မပြတ်ဆက်လက်ထုတ်လုပ်သွားနိုင်ရေးအတွက် ရုရှားနိုင်ငံ၏ အထောက်အပံ့ဖြင့် နည်းပညာလွှဲပြောင်းပေးရေး၊ ကျွမ်းကျင်ပညာရှင်များစေလွှတ်၍ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် မီးရှို့စွန့်ပစ်သည့်စနစ် ဆောင်ရွက်ထားသဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကို များစွာထိန်းချုပ်နိုင်ဟုဆို

**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ရှိ ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံတွင် စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ မီးရှို့စွန့်ပစ်နိုင်သည့် စနစ်တစ်ခု စီမံဆောင်ရွက်ထားသည့်အတွက် ဆေးရုံအတွင်း ကူးစက်ရောဂါဖြစ်ပွားမှုကို များစွာထိန်းချုပ်နိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။



"အဓိကတော့ ဆေးရုံမှ ထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့စွန့်ပစ်တဲ့ စနစ်ဖြစ်ပါတယ်။ International Committee of the Red Cross (ICRC) ရဲ့အကူအညီနဲ့ ကျွန်တော်တို့ ဘူးသီးတောင်ဆေးရုံမှာ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ စွန့်ပစ်အညစ်အကြေးတွေကို စွန့်ပစ်တဲ့အခါမှာ Biological waste လို့ ခေါ်တဲ့ စွန့်ပစ်အသားစတွေ၊ Sharp and Needle လို့ ခေါ်တဲ့ စူးစေတတ်တဲ့ ကိရိယာတွေ၊ လူနာတွေ စားသောက်ပြီး ကျန်ခဲ့တာတွေ၊ ဓာတ်မှန်ခန်းက ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေ စတာတွေအားလုံးကို တစ်နေရာတည်းမှာ အလွယ်တကူနဲ့ မီးရှို့စွန့်ပစ်နိုင်အောင် စီမံဆောင်ရွက်ထားတဲ့ စနစ်ဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

အဆိုပါအဆောက်အအုံကို ယခုနှစ် ဇွန်လက စတင်ဆောက်လုပ်ခဲ့ပြီး ခြောက်လခန့် ကြာပြီဖြစ်ကြောင်း သိရသည်။ ထိုသို့စီမံဆောင်ရွက်ထားရှိမှုကြောင့် ဆေးရုံအတွင်း ကူးစက်ရောဂါဖြစ်ပေါ်မှုကို များစွာထိန်းချုပ်ကာကွယ်နိုင်သည့်အပြင် ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လာရောက်ကြသူများအတွက်လည်း ဆေးထိုးအပ်စူးခြင်း၊ ဓားသွားရှခြင်း စသည့်ဘေးအန္တရာယ်များကိုလည်း များစွာ ကာကွယ်ပေးနိုင်ကြောင်း၊ ထို့အပြင် ဆေးရုံမှထွက်သည့် စွန့်ပစ်ပစ္စည်းများသည် ဘေးပတ်ဝန်းကျင်နှင့် ပြည်သူများ၏ ကျန်းမာရေး ထိခိုက်မည့် အန္တရာယ်ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

"ဒီထဲမှာရှိတဲ့ စွန့်ပစ်တဲ့ပစ္စည်းတွေက ကြာလာတာနဲ့အမျှ မြေဆွေးတွေဖြစ်သွားပါတယ်။ တည်ဆောက်ခဲ့တဲ့သူတွေပြောသွားတာက အနည်းဆုံး ငါးနှစ်လောက်အထိကို ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဆေးရုံက ထွက်ရှိတဲ့ စွန့်ပစ်အမှိုက်ပေါ်မှာ မူတည်ပါတယ်လို့ ပြောတယ်။ နောက်ပြီး ကလေးမွေးတဲ့အချင်းတွေ၊ ကလေးအသေတွေ ဒီထဲကို ထည့်လိုက်တာနဲ့ တခြားနေရာတွေကို သွားစရာမလိုဘဲ ဒီနေရာမှာတင် စွန့်ပစ်လို့ရပါတယ်။ အနံ့အသက်ကလည်း လုံခြုံတဲ့အတွက် ဘေးပတ်ဝန်းကျင်ကိုလည်း ထိခိုက်တာမျိုး မရှိပါဘူး။ ဇီဝလုံခြုံမှုကို များစွာရပါတယ်"ဟု ဒေါက်တာသန်းထွန်းကျော်က ဆက်လက်ပြောသည်။

အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နှင့်ပတ်သက်ပြီး လူနာများကို လူမျိုးဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အနေအထားအတိုင်း အရှိန်မပျက်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါဆေးရုံတွင် မေ့ဆေးအထူးကုဆရာဝန်တစ်ဦးနှင့် သားဖွားမီးယပ်ဆရာဝန်တစ်ဦး အထူးအနေဖြင့် ချပေးထားပြီး လူမျိုးဘာသာမရွေး အားလုံးကို ပြုစုစောင့်ရှောက်ပေးသည့်အတွက် ပြည်သူများအနေဖြင့် အားကိုးယုံကြည်စွာ လာရောက်ကုသလျက်ရှိသည်။

**သတင်း-တင်မောင်လွင်၊ ဇေယျာ(မိုင်ရာ)**
**ဓာတ်ပုံ-မောင်မွေး**

## အမေရိကန်နိုင်ငံ၌ ကျင်းပမည့် World Junior Championship 2016 ပြိုင်ပွဲကို မြန်မာလူငယ်ဂေါက်သီးကစားသမားများ ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ အမေရိကန်နိုင်ငံ စိန့်ဩဂတ်စတင်း ဖလော်ရီဒါပြည်နယ် World Golf Village Slammer & Squire Course တွင် ကျင်းပမည့် World Junior Championship 2016 ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးကစားသမား သုံးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာလူငယ်ဂေါက်သီးအဖွဲ့တွင် ဟိန်းစည်သူ၊ ပြည့်မင်းရှိန်၊ ဖူးပွင့်ရတီခိုင်တို့ပါဝင်ပြီး အသက်(၁၀-၁၉) နှစ်အတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ယခုကဲ့သို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အနာဂတ်မျိုးဆက်သစ် ဂေါက်သီးအားကစားသမားအကျော်အမော်များ၊ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးစာရေးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ရုံးစာရေး ရော်ဖီသည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက နေအိမ်မှထွက်သွားပြီး ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ဒီဇင်ဘာ ၂၅ ရက်တွင် ဓားဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကိုတွေ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဘ ဦးဒီလာဟူဆိန်း၏သား ရော်ဖီ(၂၈)နှစ်သည် ဒီဇင်ဘာ ၂၄ ရက် ညနေက နေအိမ်မှထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂နာရီခန့်တွင် ကျေးရွာစာသင်ကျောင်းအနောက်ဘက် ဦးရှည်ကျချောင်းအနီး ပုစွန်ကန်ဘေး၌ ဝမ်းဗိုက်ဓားထိုးဒဏ်ရာ၊ လည်ပင်းဓားထိုးဒဏ်ရာနှင့် လှီးဖြတ်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ၎င်း၏ အစ်ကိုတစ်ဝမ်းကွဲဖြစ်သူက တွေ့ရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အလောင်းအား မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး တရားခံဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုသိမ်ဘူတာလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်

**ပုသိမ် ဒီဇင်ဘာ ၂၆**

ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ခွဲ တပ်စု(၃) ပုသိမ်တပ်စုမှူး ဒုရဲအုပ်စောလွင်ဦးစီးသောတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများပါဝင်သောပူးပေါင်းအဖွဲ့သည် ပုသိမ်ဘူတာရှေ့၌ အခြေပြု၍ဒီဇင်ဘာ ၂၅ ရက်က ရထားများဆိုက်ရောက်ချိန်တွင် ပုသိမ်ဘူတာလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပုသိမ်ဘူတာသို့ ခရီးသည်တင်ဆောင်ရန် ရောက်ရှိလာသော ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များအား လူ/ယာဉ်လိုင်စင်များစစ်ဆေးခြင်းအပြင် မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ ရှာဖွေစစ်ဆေးခြင်းခဲ့တို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ရထားရဲတပ်ဖွဲ့)**




## ဆေးရုံတက်ရောက်ကုသနေသည့် ကလေးငယ်များအတွက် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ ပြုလုပ်ပေး

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေး ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး သွေးရောဂါနှင့် ကင်ဆာရောဂါဌာနမှ ဆေးရုံတက်ရောက်ကုသနေရသော ကလေးငယ်များ နှစ်သစ်ကူးအချိန်တွင် ပျော်ရွှင်စေရေးအတွက် မွေးပွဲရုပ်များ လှူဒါန်းခြင်းနှင့် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ အဆိုပါ ကလေးဆေးရုံသွေးရောဂါနှင့် ကင်ဆာရောဂါဌာန ဧည့်ခန်းမဆောင်၌ ပြုလုပ်သည်။

အဆိုပါဆေးရုံတွင် ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါကုသရန် တက်ရောက်နေရသော ကလေးငယ်ပေါင်း ၁၂၀ ကျော်ရှိပြီး နေ့စဉ် ဆေးကုသမှုခံယူနေရသောကြောင့် အခြားကလေးငယ်များကဲ့သို့ ပျော်ရွှင်စွာဆော့ကစားနိုင်ရေးအတွက် မျက်လှည့်ပညာရှင်မာယာကိုက မျက်လှည့်ပညာများဖြင့် အခမဲ့ကူညီဖျော်ဖြေတင်ဆက်ပေးခြင်း၊ ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

# မဟာဗန္ဓုလလမ်းပေါ်ရှိ လမ်းသစ်(မော်တင်) လိုင်းကားမှတ်တိုင်၌ နေ့စဉ် ယာဉ်ပိတ်ဆို့မှုနှင့် ခရီးသည်တက်၊ ဆင်းအန္တရာယ်ရှိနေ၍ ဖြေရှင်းပေးရန်လို

**ရန်ကုန် ဒီဇင်ဘာ ၂၆**

လူကူးခုံးကျော်တံတားအတက်၊ အဆင်းလှေကားအခြေရှိ မဟာဗန္ဓုလလမ်းပေါ်မှ လမ်းသစ်(မော်တင်) လိုင်းကားမှတ်တိုင်နေရာတွင် နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ပိတ်ဆို့ပြီး ခရီးသည်စောင့်ဆိုင်းခြင်း၊ စည်းကမ်းမဲ့ပိတ်ဆို့ရပ်ထားကြသဖြင့် ကားဟွန်းသံများ အဆက်မပြတ်ကျယ်လောင်စွာ အချက်ပေးနေခြင်း၊ ခရီးသည်များ ကားကြိုကားကြား လမ်းပေါ်တက်၍ အတက်၊ အဆင်းပြုလုပ်နေရခြင်းများကို သက်ဆိုင်ရာမှ ထိရောက်သော အရေးယူဆောင်ရွက်မှု ပြုပေးစေလိုသည်ဟု ယင်းနေရာအနီးနေထိုင်သူများ၊ အလုပ်လုပ်ကိုင်နေသူများက ပြောဆိုမှုရှိလာသည်။

ယခင်ယင်းနေရာတွင် ကြက်လျှာစွန်းအတားအဆီးရှိသော်လည်း ခုံးကျော်တံတားဆောက်လုပ်ချိန်တွင် ဖျက်သိမ်းခဲ့သည်။ ကမ်းနားလမ်းထောင့်တွင် အရှေ့ဘက်မှ အနောက်ဘက်သို့ မောင်းနှင်လာသော လိုင်းကားအများစုသည် အဆိုပါ မဟာဗန္ဓုလလမ်း၊ ကမ်းနားလမ်းမဟောင်း၊ လမ်းသစ်(မော်တင်) လမ်းသုံးပွင့်ဆိုင်ဆုံရာနေရာမှ ဂငယ်ကွေ့၍ မဟာဗန္ဓုလလမ်းမှတ်တိုင်တွင် နေရာယူမှုရှိသည်။

ယင်းယာဉ်အများစုသည် ရပ်၊ ချ၊ တင်၊ ထွက်စနစ် မရှိဘဲ ခရီးသည်စောင့်ဆိုင်းတင်မှုရှိသည်။ အထူးသဖြင့် သန်လျင်-ကျောက်တန်းနှင့် ယုဇနသွားလိုင်းကားများ အချိန်ကြာမြင့်စွာ ရပ်လေ့ရှိသည်။ အလားတူ အနော်ရထာလမ်းဘက်မှ လမ်းသစ်လမ်းအတွင်း ချိုးကွေ့ဝင်လာသော လိုင်းကားများသည်လည်း ယင်းမဟာဗန္ဓုလလမ်းမှတ်တိုင်သို့ ဝင်ရောက်မှုရှိသည်။ ထို့ပြင် ကမ်းနားလမ်းဟောင်းပေါ် အနောက်မှ အရှေ့သို့ မောင်းနှင်လာသော လိုင်းကားများသည်လည်း ယင်းမှတ်တိုင်သို့ အတည့်ယာဉ်ကြောဖြင့် ဝင်ရောက်လာကြသည်။ သို့ဖြစ်ရာ ယင်းမှတ်တိုင်သို့ လမ်းကြောင်းသုံးကြောင်းဖြင့် လိုင်းကားများ ဝင်ရောက်လာရာတွင် ခရီးသည်စောင့်တင်နေသော လိုင်းကားအတွဲလိုက်ကြောင့် ခုံးကျော်တံတားအောက်တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်လာသည်။

ယင်းပိတ်ဆို့နေသောနေရာတွင် လိုင်းကားများပေါ်မှ ခရီးသည်များ အတက်၊ အဆင်းပြုလုပ်နေကြရသည်ကို နေ့စဉ်မြင်တွေ့၊ ကြုံတွေ့နေရသည်။ လမ်းသုံးလမ်းဆုံရာနေရာတွင် နေ့စဉ်ကြီးကြပ်မည့်သူ အားနည်းသဖြင့် ယာဉ်ကြောအမှန်မရှိဘဲ ရှုပ်ထွေးပိတ်ဆို့နေသည်ကို မြင်ရလေ့ရှိသည်။**(အပေါ်ယာပုံ)**



လိုင်းကားများဖြင့် ပိတ်ဆို့နေချိန်တွင် ကမ်းနားလမ်းဟောင်းအတိုင်း အရှေ့မှလာသော ယာဉ်ငယ်များ၊ အနောက်မှလာသော ယာဉ်ငယ်များသည် မော်တင်(လမ်းသစ်) လမ်းအတွင်း ချိုးဝင်မှုရှိသကဲ့သို့ မဟာဗန္ဓုလလမ်းပေါ်သို့ အတည့်ယာဉ်ကြောအတိုင်း မောင်းနှင်ခြင်း၊ ဂငယ်ကွေ့ခြင်းများ ရှိတတ်သည်။ ထို့ပြင် လမ်းသစ်လမ်းအတွင်းမှ ကမ်းနားလမ်းဟောင်းနှင့် မဟာဗန္ဓုလလမ်းပေါ်တက်ရောက်မောင်းနှင်သည့်ယာဉ်များလည်း ရှိတတ်သည်။

ယင်းနေရာတွင် အချက်ပြမီးပွိုင့်မရှိခြင်း၊ ထိန်းသိမ်းအချက်ပြမှုအားနည်းခြင်းကြောင့် အန္တရာယ်ရှိသည့် လမ်းဆုံတစ်ခုဖြစ်ရုံသာမက ပတ်ဝန်းကျင်တွင် နေထိုင်လုပ်ကိုင်သူများအတွက် ဆူညံသံများ ခံစားနေရသည်ဟု ပြောကြသည်။

လှည့်ကင်းယာဉ်ဖြင့် လာရောက်ချိန် မိနစ်အနည်းငယ်အတွင်းတွင်သာ ယာဉ်ရှင်းလင်းမှုရှိသော်လည်း ကျန်အချိန်များတွင် စည်းကမ်းမဲ့နေဆဲဖြစ်သည်။ ယင်းလမ်းဆုံတွင် ယခုလအတွင်း ညနေပိုင်းလမ်းကူးသူတစ်ဦး၏ ခြေထောက်ခြေခုံပေါ် မီနီဘတ်စ်ယာဉ်ငယ်တစ်စီး တက်ကြိတ်မှုအပါအဝင် ယာဉ်အချင်းချင်းတိုက်မှုများ ဖြစ်ပွားမှုရှိခဲ့သည်။

ယင်းနေရာတွင် ယာဉ်လိုင်းအဖွဲ့အစည်းအချို့၏ ရုံးခန်းအဆောက်အအုံနှင့် ဝန်ထမ်းများမြင်တွေ့ရသော်လည်း စည်းကမ်းတကျယာဉ်မောင်းနှင်မှုမရှိခြင်း၊ ခရီးသည်တင်၊ ချခြင်းများ မြင်တွေ့နေရဆဲရှိသည်။

ယာဉ်အန္တရာယ်ကင်းရန် ကားလမ်းမကြီး သုံးလမ်းဖြတ်ကျော်၍ လူကူးခုံးကျော်တံတားတည်ဆောက်အသုံးပြုခွင့်ပေးခဲ့ရာ အတက်၊ အဆင်းလှေကားမှာ သုံးစင်းသာပါရှိပြီး ကမ်းနားလမ်းဟောင်းနှင့် ကွန်ကရစ်ခင်းကမ်းနားလမ်းသစ်ကြားတွင် လှေကားအတက်၊ အဆင်းမပါရှိသည်ကို မြင်တွေ့ရသည်။ ကမ်းနားလမ်းမဟောင်းပေါ် အနောက်မှ အရှေ့သို့သွားသည့် လိုင်းကားများဖြင့် လိုက်ပါလာသည့် ခရီးသွားများ ယင်းလမ်းသစ်(မော်တင်) မှတ်တိုင်မှ လူကူးခုံးကျော်တံတားပေါ် တက်ရောက်နိုင်မှုမရှိဖြစ်ဘဲ ကမ်းနားလမ်းမဟောင်းနှင့် ကွန်ကရစ်လမ်းမသစ်တို့ကို ဖြတ်ကျော်နေရသည်။

ယင်းနေရာရှိ လူကူးမျဉ်းကျားသည် ဆေးရောင်မှိန်နေပြီး ဖြတ်သန်းသွားသော ယာဉ်အများစုမှာ လမ်းကူးသူများကို ဦးစားပေးမှုနည်းသဖြင့် လူစုလူဝေးဖြင့် ဖြတ်သန်းနေရသည်ကို မြင်တွေ့ရသည်။

ကမ်းနားလမ်းဟောင်းပေါ်တွင် အနောက်မှ အရှေ့သွားလိုင်းကားယာဉ်ကြီး အချို့သည် ဂိတ်ဆုံးအထိမပြေးဆွဲဘဲ ယင်းမော်တင်(လမ်းသစ်)ကမ်းနားလမ်းမှတ်တိုင်ဝန်းကျင်တွင် ဂငယ်ကွေ့၍ နောက်ကြောင်းပြန် လိုင်းပြေးဆွဲလေ့ရှိသည်ကို မြင်တွေ့ရသည်။

ယင်းကမ်းနားလမ်းဟောင်းဘေးတွင် ကမ်းနားလမ်း နံနက်ခင်းဈေးနှင့် ညဈေးများဖွင့်လှစ်ထားပြီးဖြစ်ရာ ဈေးဝယ်လာသူများအနေဖြင့် ကားလမ်းကို သတိထားဖြတ်သန်းနေရဆဲဖြစ်သည်။ ယင်းဈေးတန်းများသို့ လာရောက်ဝယ်ယူအားပေးလိုသူအချို့မှာ လမ်းကူးသည့် အခက်အခဲကြောင့် မလာရဲဘဲရှိနေရာ ကမ်းနားလမ်းဈေးတန်းများ၏ ရောင်းဝယ်မှုအပေါ် ထိခိုက်မှုရှိလာသည်။ ဈေးရောင်းချခွင့်မပြုထားသော်လည်း ရောင်းချနေဆဲ၊ အနော်ရထာလမ်းမအပါအဝင် လမ်းသွယ်အချို့ရှိ ဟင်းရွက်၊ သား၊ ငါး၊ သစ်သီး၊ စားသောက်ဆိုင်များတွင်သာ လွယ်လင့်တကူဝယ်ယူစားသောက်မှု ရှိနေဆဲရှိသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာကလည်း နေ့စဉ်လာရောက်ရှင်းလင်းအရေးယူမှုရှိသော်လည်း ထိရောက်မှုအားနည်းပြီး ကမ်းနားဈေးတန်းတွင် ရောင်းဝယ်မှု အားနည်းနေဆဲရှိသည်ဟု ကမ်းနားလမ်း နံနက်ခင်းနှင့် ညဈေးတန်းတို့တွင် ရောင်းချသည့် ဈေးသည်များက ပြောသည်။

ကမ်းနားလမ်းဈေးတန်းများ စည်ကားရောင်းဝယ်လာနိုင်ရေး၊ ခွင့်မပြုထားသည့် ကားလမ်းဘေးဈေးရောင်းချနေမှုကို နေ့စဉ်ရှင်းလင်းရမှု လျော့နည်းရေး၊ ယာဉ်စီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ လိုင်းကားစီးနင်းနိုင်ရေး၊ မှတ်တိုင်ဝန်းကျင်နေပြည်သူများအပေါ် အနှောင့်အယှက်ဖြစ်မှုလျော့ပါးရေး၊ ယာဉ်ပိတ်ဆို့မှု လျော့ကျရေးတို့အတွက် ယင်းမှတ်တိုင်နေရာတွင် ထိရောက်စွာ ဆောင်ရွက်မှုပေးစေလိုသည်ဟု ပြောဆိုနေကြသည်။

မဟာဗန္ဓုလလမ်းအတွင်းသို့ အနောက်မှ အရှေ့သို့ ယာဉ်ကြောတစ်ကြောသာ တန်းစီဝင်ရောက်ခွင့်ပြုပြီး ကမ်းနားလမ်းဟောင်းမှ ဂငယ်ကွေ့နှင့် အနော်ရထာလမ်းမှ လမ်းသစ်လမ်းသို့ဝင်ရောက်ပြီး ယင်းမှတ်တိုင်သို့ ကွေ့ဆင်းမည့် လိုင်းကားများအား သက်ဆိုင်ရာမှ ခွင့်မပြုခြင်းသာမက ရပ်၊ ချ၊ တင်၊ ထွက် မဟုတ်သော ခရီးသည်စောင့်ဆိုင်းတင်သည့် လိုင်းကားများအား ယာဉ်လိုင်းအဖွဲ့အစည်းဝန်ထမ်းများအနေဖြင့် ကူညီရှင်းလင်းပေးစေလိုသည်။

မီးပွိုင့်(သို့) ယာဉ်ထိန်းရဲ ပုံသေချထားခြင်း၊ ဖြစ်နိုင်လျှင် လမ်းသစ်လမ်းလူကူးခုံးကျော်တံတားတွင် လိုအပ်နေသော ညဈေးတန်းသို့ ဆင်း၊ တက်နိုင်မည့် ကမ်းနားလမ်းနှင့် လမ်းသစ်ကြား အတက်၊ အဆင်း လှေကားတစ်စင်းကို ပြန်လည်ထည့်သွင်းပေးစေလိုသည်ဟု လမ်းသွားလမ်းလာနှင့် ဈေးသည်များက မျှော်လင့်နေကြသည်။

**(မောင်စေအောင်)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၃၉၀၀၀ | - | ၈၃၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၃၉၀၀၀ | - | ၈၃၉၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၂. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၂၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၀၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၆၈. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၂၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၁. ၈၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၆. ၄၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းဆင်းလက်မှတ် ချီးမြှင့်

**ပျော်ဘွယ် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ၏ မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းဆင်းပွဲကို ဒီဇင်ဘာ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းပညာရပ်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မဥ္ဇူစောက ယခုသင်တန်းသည် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာဘာသာရပ်တွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ယာပုံ)**



အဆိုပါသင်တန်းအား ရက်သတ္တသုံးပတ်ကြာဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဒု-လက်ထောက် ဦးစီးမှူး(မြို့ပြ)၊ လက်ထောက်ဦးစီးမှူး(မြို့ပြ)၊ ဒုတိယဦးစီးမှူး(မြို့ပြ) တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း ၃၀ အား ခေတ်မီမြေတိုင်းကိရိယာများဖြစ်သော Auto Level, Nikon Total Station များအသုံးပြု၍ Suntac ကုမ္ပဏီမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဌာနမှအတွေ့အကြုံရှိသည့် တိုင်းတာရေးဝန်ထမ်းများက စာတွေ့၊ လက်တွေ့ပို့ချကာ ကွန်တိုမြေပုံတစ်ခု လက်တွေ့တိုင်းတာထုတ်လုပ်နိုင်သည်အထိ သင်ကြားပို့ချနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရမည်းသင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီး ကျေးရွာလေးရွာ တစ်ပြိုင်တည်းမီးလင်း

**ရမည်းသင်း ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာအုပ်စု ကန်ကြီးကျေးရွာ၊ သရက်ကန်ကျေးရွာ၊ ရမ္မဝတီကျေးရွာ၊ သက်ကယ်ကျင်းကျေးရွာတို့မှ အိမ်ထောင်စုပေါင်း ၈၆၅ အိမ်တွင် မီတာအလုံး ၂၃၀ အိမ်တွင်းဝါယာများ သွယ်တန်းတပ်ဆင်ထားပြီးဖြစ်သည့်အတွက် 200 KVA ထရန်စဖော်မာလေးလုံး တည်ဆောက်တပ်ဆင်ထားမှုနှင့် 11.04 KVA ဓာတ်အားလိုင်းများဖြင့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများက ဒီဇင်ဘာ ၂၂ ရက်က လျှပ်စစ်မီးလိုင်းကြိုးများ ဆက်သွယ်နေမှုတို့ကို ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်တို့က သွားရောက်စစ်ဆေးပြီး ညနေ ၅ နာရီခွဲတွင် အဆိုပါကျေးရွာလေးရွာအား တစ်ပြိုင်တည်း လျှပ်စစ်မီးစတင်ပေးခဲ့သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ၂၀၁၆ ရဲ့ အံ့အားသင့်ဖွယ်အကောင်းဆုံး လမ်းခွဲဇာတ်လမ်းများ

*၂၀၁၆ ခုနှစ်အတွင်း အိမ်ထောင်သည် အနုပညာရှင်များရဲ့ ကွာရှင်းပြတ်စဲမှု၊ ချစ်သူတွေကြား လမ်းခွဲမှု စတဲ့ ဇာတ်လမ်းတွေထဲမှာ ဟောလိဝုဒ်စတား ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့ ကွာရှင်းပြတ်စဲတဲ့ဇာတ်လမ်းက အားလုံးအတွက် အံ့အားသင့်မှုပေးစွမ်းနိုင်စွမ်းဖြစ်ခဲ့တယ်လို့ အီးအွန်လိုင်း ဒေါ့ကွန်းက ဖော်ပြပါတယ်။ သူတို့နှစ်ဦးနောက်မှာတော့ ပေါ့ပ်ကြယ်ပွင့် မရိုင်ယာကာရေးနဲ့ သန်းကြွယ်သူဌေးကြီး ဂျိမ်းစ်ပါကားတို့ရဲ့လမ်းခွဲမှုက ဒုတိယနေရာမှာရှိနေပြီး ရုပ်ပ်အဆိုတော် သယ်ဝီကန်းနဲ့ စူပါမော်ဒယ် ဟာဒစ်တို့ရဲ့လမ်းခွဲမှုက တတိယနေရာ၊ နာမည်ကြီးသရုပ်ဆောင်နှစ်ဦးဖြစ်တဲ့ ရှရိုက်ဘာနဲ့ နီယိုမီဝက်စ်တို့ရဲ့ ကွာရှင်းမှုအပြင် တေလာဆွစ်ရဲ့ တစ်နှစ်အတွင်း ချစ်သူနှစ်ဦးနဲ့ လမ်းခွဲမှုတွေကတော့ ၂၀၁၆ ခုနှစ် ပရိသတ်အတွက် အံ့ဖွယ်အကောင်းဆုံး လမ်းခွဲမှုတွေအဖြစ် နေရာယူထားပါတယ်။ ဟောလိဝုဒ်လောကအတွင်း အခြားသော လက်တွဲဖြုတ်မှုတွေလည်း ဖြစ်ပေါ်ခဲ့ပေမယ့် စာမျက်နှာ အခက်အခဲကြောင့် မြန်မာပရိသတ်တွေ စိတ်ဝင်စားကြတဲ့ အနုပညာရှင်များရဲ့လမ်းခွဲမှုကိုသာ တင်ဆက်ပေးလိုက်ပါတယ်။*



## ဘရန်ဂျလီနာ အဆုံးသတ်တဲ့နှစ် ၂၀၁၆

ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့ လမ်းခွဲမှုက စက်တင်ဘာလအတွင်း ပေါ်ထွက်လာခဲ့တာဖြစ်ပြီး လက်ထပ်ပြီးနှစ်နှစ်အကြာမှာ ယခုလို ခွာပြဲမှုဇာတ်လမ်းပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ Mr.&Mrs. Smith ရုပ်ရှင်ရိုက်ကူးပြီး ဆယ်စုနှစ်တစ်ခုကျော် လက်တွဲခဲ့တဲ့ သူတို့နှစ်ဦး လမ်းခွဲမှုက ကမ္ဘာ့ပရိသတ်တွေကိုသာမက ဟောလိဝုဒ်လောကသားတွေကိုပါ အံ့အားသင့်သွားစေတဲ့ ကိစ္စရပ်ပဲဖြစ်ပါတယ်။ ဂျိုလီက ဘရက်ပစ်အရင်တုန်းက ချစ်သူတွေ၊ အိမ်ထောင်ဖက်တွေနဲ့ မကြာခဏ လမ်းခွဲတတ်သူဖြစ်ပေမယ့် ဘရက်ပစ်နဲ့ကျမှ ဆယ်စုနှစ်တစ်ခုကျော်ကြာ လက်တွဲမြဲခဲ့သလို မွေးစားကလေးသုံးဦး၊ သားသမီးသုံးဦးတို့ ပိုင်ဆိုင်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၁၆ ခုနှစ်ကို အနုပညာသတင်းတွေ ဖော်ပြပေးနေတဲ့ ဝက်ဘ်ဆိုက်တွေက "ဘရန်ဂျလီနာ" အဆုံးသတ်တဲ့နှစ်လို့ တင်စားရေးသားကြတာ ဖြစ်ပါတယ်။

## ရတနာစိန်ကျောက် ဖယ်တောက်ကစားနိုင်ပေမယ့်

ပေါ့ပ်ဘုရင်မ မရိုင်ယာကာရေးရဲ့ ကိုယ်စားလှယ်ဖြစ်သူက မရိုင်ယာနဲ့ သန်းကြွယ်သူဌေးကြီး ဂျိမ်းစ်ပါကားတို့ လမ်းခွဲခဲ့ကြပြီဆိုတာကို ပြီးခဲ့တဲ့ အောက်တိုဘာလက အတည်ပြုပေးခဲ့ပါတယ်။ သူတို့နှစ်ဦး ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဂရိနိုင်ငံကို ခရီးထွက်စဉ်ကာလက မပြေလည်မှုတွေ စတင်လာခဲ့ဖြစ်တယ်လို့ သိရပါတယ်။

၂၀၁၅ ခုနှစ် ဇွန်လအတွင်း စတင်ချစ်ကျွမ်းဝင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာတော့ ပါကားက အမေရိကန်ဒေါ်လာ ၁၀ သန်းတန် အလေးချိန် ၃၅ ကာရက်ရှိတဲ့ စိန်လက်စွပ်နဲ့ ကာရေးကို စေ့စပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီလိုကြည်နူးပြီး ကမ္ဘာတစ်ပတ်ခရီးဆန့်ခဲ့တဲ့ သူတို့နှစ်ဦးဇာတ်လမ်းက လအနည်းငယ်အတွင်း အဆုံးသတ်ခဲ့ရတာကတော့ မရိုင်ယာနဲ့ တွဲဖက်အကပညာရှင် ဘရိုင်ယန်တာနာကာတို့ရဲ့ ခြေရှုပ်လာမှုကြောင့် ဖြစ်ပါတယ်။




မရိုင်ယာနဲ့ တာနာကာတို့ရဲ့ ဟာဝိုင်အီကျွန်းမှာ ပျော်ရွှင်နေတဲ့ပုံရိပ်တွေကို ပါပါရာဇီတွေက အမိအရရိုက်ကူးနိုင်ခဲ့တဲ့အတွက် ပါကားဘက်က ဘယ်လိုမှ သည်းမခံနိုင်ဘဲ ဂရိခရီးစဉ်အတွင်း ဒီဓာတ်ပုံကိစ္စကို အစပြန်ဖော်ခဲ့တာကြောင့် မရိုင်ယာနဲ့ ပါကားတို့ ဇာတ်လမ်း တစ်ခန်းရပ်ခဲ့တာဖြစ်ပါတယ်။ မရိုင်ယာက ပါကားနဲ့လမ်းခွဲခဲ့ပေမယ့် ပါကားရဲ့ စေ့စပ်လက်စွပ်ကို ဝတ်ထားဆဲဖြစ်သလို ပါကားဆီကိုလာရတဲ့ လေယာဉ်စရိတ်တွေနဲ့ အခြားနစ်နာမှုတွေအတွက် လျော်ကြေးတောင်းခဲ့ပါတယ်။ မရိုင်ယာက ပါကားကိုတော့ လျော်ကြေးတောင်းပြီး အရေးကြီးပွဲတွေမှာ တာနာကာကို ပွဲထုတ်လာတာကြောင့် သန်းကြွယ်သူဌေးကို စွန့်လွှတ်ပြီး အကပညာရှင်ရဲ့ လက်ကိုမြဲမြဲကိုင်ထားတဲ့ မရိုင်ယာကို "၂၀၁၆ရဲ့ အချစ်သူရဲကောင်း" ဘွဲ့ပေးရတော့မယ်လို့ မီဒီယာတွေက ရေးသားဖော်ပြလာကြပါတယ်။

မေလဲ့သင်း - စုစည်းသည်

## တစ်နှစ်အတွင်း ချစ်သူနှစ်ဦးနဲ့ လမ်းခွဲခဲ့တဲ့ တေလာဆွစ်

နာမည်ကျော် တေလာဆွစ်နဲ့ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်တို့ ပြီးခဲ့တဲ့ မတ်လအတွင်း ချစ်သူသက်တမ်းတစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပပြီး ခရီးအတူတူထွက်ခဲ့ကာ သဲသောင်ပြင်ပေါ် "တေဗင်" လို့ရေးသားထားတာကို ဓာတ်ပုံရိုက်ပြီး အင်စတာဂရမ်ပေါ် ကြည်ကြည်နူးနူး တင်ခဲ့ကြပါတယ်။ ဒါပေမယ့် သိပ်မကြာခင်အချိန်အတွင်း တေလာက မင်းသား တွမ်ဟစ်ဒယ်စတန်နဲ့ ဇာတ်လမ်းတွေ ခပ်ပါးပါးထွက်ပေါ်လာပြီးနောက်မှာ ဟဲရစ်က တေလာဆွစ်ရဲ့ အင်စတာဂရမ်စာမျက်နှာကို Unfollow လုပ်ခဲ့ပြီးနောက်မှာတော့ တေလာဆွစ်ရော ဟဲရစ်တို့နှစ်ဦးစလုံးက သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာအသီးသီးမှာနေရာယူထားတဲ့ သူတို့နှစ်ဦးနဲ့ သက်ဆိုင်တဲ့ ပုံတွေကို ဖျက်ပစ်ခဲ့ကြပါတယ်။ ဟဲရစ်နဲ့ ဇာတ်လမ်းပြတ်သွားပြီး တစ်လမပြည့်ခင်မှာဘဲ ရို့ဒ်ကျွန်းပေါ်မှာတည်ရှိတဲ့ တေလာရဲ့ ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ အိမ်မှာ ဟစ်ဒယ်စတန်ကို ခပ်စိပ်စိပ်တွေ့ခဲ့ကြရပါတယ်။ တေလာဆွစ်က ဟစ်ဒယ်စတန်ရဲ့ မိခင်ဆီကို သွားရောက်တွေ့ဆုံခဲ့သလို အီတလီ၊ အင်္ဂလန်နဲ့ ဩစတြေးလျတို့ကို အတူတကွ လည်ပတ်ခဲ့ကြပေမယ့် ပြီးခဲ့တဲ့စက်တင်ဘာလအတွင်းမှာတော့ တေလာနဲ့ ဟစ်ဒယ်စတန်တို့ ဇာတ်လမ်းပြတ်စဲသွားပြန်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့ အဆိုအရ ဘာမဆို ငြီးငွေ့လွယ်တတ်တဲ့ တေလာဆွစ်ဘက်ကပဲ စတင်လမ်းခွဲခဲ့တာလို့ သိရပါတယ်။





## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၇-၁၂-၂၀၁၆(အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "အောင်မြင်သော အရှုံးသမား" (ဝေဖြိုးဟိန်း၊ဟိန်းထွဋ်ဝင်း၊ကိုဖြိုး၊ ဦးစံပေါ၊ခင်ဖြူဖြူသန့်၊ Flory Chan၊ နန်းထက်စုလှိုင်လှိုင်မော်၊ ဝိုင်းသဥ္ဇာဗိုလ်) [ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ "တစ်ယောက်တစ်ဝက်" (မင်းဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မိုက်ကြီး) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၇၀) |
| ၁း၅၅ | "ရှုမဆုံးတော့သည့်လူချွန်လူကောင်း၏ ရုပ်ပုံလွှာ" (အပိုင်း-၁) |
| ၂း၂၀ | Yes or No Talk Show "Employee or Entrepreneur" (Part-2) |
| ၃း၃၀ | "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ် မြန်မာသံစဉ် ဂန္ထဝင်သီချင်းများ" (မာမာအေး) |
| ၄း၃၅ | "တန်ဖိုးထားထိန်းသိမ်းပါအစဉ် လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်" |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၆း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ထွန်းအိန္ဒြာဗို) |
| ၇း၃၀ | "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၂) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ - နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၇၁) -ပြည်သူ့နီတိ"ဝဋ်လည်ရင်ဆေးမရှိပါ" (ရွှေအိုး၊ ဝွမ်းပုံကြီး၊ မြမျက်ချယ်၊ ယုယမင်းကျော်)(ဒါရိုက်တာ-မိုးဇော်ကို) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၂၇-၁၂-၂၀၁၆(အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၄၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၀ | World Wide Web |
| ၁၀း၃၀ | English For Everyone |
| ၁၀း၄၅ | ဗေဒါလမ်း |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၄၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၄) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၈၅) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိန်ဂျယ်ချစ်သူ အပိုင်း(၁၃) -မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -ဟာသရုပ်စုံ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၂၃) |



# လီဗာပူးအသင်းမှာ ပြီးပြည့်စုံသည့်အသင်းဖြစ်ဟုဆို

လီဗာပူးအသင်းသည် ၎င်း၏ အင်္ဂလန်ပရီမီယာလိဂ်အိပ်မက်ကို အမှန်တကယ်ပေးစွမ်းနိုင်သော ပြီးပြည့်စုံသည့် အသင်းတစ်သင်းဖြစ်သည်ဟု ယုံကြည်ထားကြောင်း လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့က ပြောကြားခဲ့သည်။

နည်းပြ ဂျာဂန်ကလော့သည် ဒေါ့မွန်အသင်းတွင် ခုနစ်နှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ဥရောပ၏ အကောင်းဆုံးနည်းပြများအနက် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်ခဲ့သူဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ကလပ်အသင်းအတော်များများကလည်း ခေါ်ယူရန်ချိတ်ဆက်မှုများ ရှိခဲ့သူဖြစ်သည်။

နည်းပြဂျာဂန်ကလော့သည် ဒေါ့မွန်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါဖလား နှစ်ကြိမ်အပါအဝင် ဆုဖလားငါးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီကုန်တွင် ဒေါ့မွန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လက်ရှိလီဗာပူးအသင်းမှာလည်း မယုံကြည်နိုင်လောက်အောင် ခြေစွမ်းပိုင်း ကောင်းမွန်လာသည့်အသင်းဖြစ်ကြောင်းလည်း အသက်(၄၉)နှစ်အရွယ်ရှိ လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့က ပြောကြားခဲ့သည်။

နည်းပြ ဂျာဂန်ကလော့သည် နည်းပြ ဘရန်ဒန်ရော့ဂျာနေရာတွင် အစားထိုးနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းကိုလည်း ပရီမီယာလိဂ်အမှတ်ပေးဇယား၌ ပွဲစဉ်(၁၈) မကစားမီအချိန်အထိ အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။

(ငွေကြယ်)

# ယခုနှစ် ရာသီတွင် ပရီမီယာလိဂ်ဖလားကို ချယ်လ်ဆီးအရယူမည်ဟု ကွန်တီကတိပြု

ချယ်လ်ဆီးနည်းပြ ကွန်တီက ချယ်လ်ဆီးအသင်း ဒီဇင်ဘာပွဲကျပ်ကာလအတွင်း အမှတ်ပေးဇယားကို ဦးဆောင်ကာ ပရိသတ်များအတွက် ခရစ္စမတ်လက်ဆောင်အဖြစ်ပေးအပ်ခဲ့သလို ယခုနှစ်ဘောလုံးရာသီအကုန်မှာပင် ပရီမီယာလိဂ်ချန်ပီယံဆုဖလား အရယူပေးဦးမည်ဟု ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်နေ့)တွင် ကတိပြုပြောကြားခဲ့သည်။ ကွန်တီက ချယ်လ်ဆီးအသင်း ၁၁ ပွဲဆက် အနိုင်ရလဒ်နှင့်အတူ အမှတ်ပေးဇယားထိပ်ကို လွတ်လွတ်ကျွတ်ကျွတ် အနေအထားကို တိမ်းစောင်းခံမည်မဟုတ်သလို ချန်ပီယံလမ်းကြောင်းမှသွေဖည်မှုမျိုးလည်း ဖြစ်လာလိမ့်မည်မဟုတ်ကြောင်းလည်း ကတိပေးခဲ့သည်။

ရာသီတစ်ဝက်ကျော်ကာလ ကျန်ရှိသေးသော်လည်း ချယ်လ်ဆီးအသင်းသည် ခရစ္စမတ်ကာလတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်လျှင် ရာသီကုန်ချန်ပီယံဖြစ်တတ်သည့် အစဉ်အလာရှိရာ ယခုနှစ်ဘောလုံးရာသီတွင်လည်း ယင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ရန် သေချာသလောက်ရှိနေခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် ၂၀၀၄-၀၅၊ ၂၀၀၅-၀၆၊ ၂၀၀၉-၁၀၊ ၂၀၁၄-၁၅ ဘောလုံးရာသီတို့တွင် ဒီဇင်ဘာ ပွဲကျပ်ကာလအတွင်း အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံလည်းဖြစ်ခဲ့ခြင်းကြောင့် ရာနှုန်းပြည့်အောင်မြင်အောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။ မန်ယူအသင်းသည် ခရစ္စမတ်ကာလအတွင်း အမှတ်ပေးဇယားကို ခုနစ်ကြိမ်ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံငါးကြိမ်သာဖြစ်ခဲ့သဖြင့် ၇၁ ရာခိုင်နှုန်းသာ အောင်မြင်အောင်စွမ်းဆောင်ထားနိုင်သော်လည်း ချယ်လ်ဆီးအသင်းကမူ လေးကြိမ်ဦးဆောင်ပြီး အကြိမ်တိုင်းချန်ပီယံဖြစ်အောင် စွမ်းဆောင်ထားနိုင်သည်။ အခြားရာနှုန်းပြည့် စွမ်းဆောင်နိုင်သည့်အသင်းနှစ်သင်းမှာ ဘလက်ဘန်း( ၁၉၉၄-၉၅)နှင့် လက်စတာ (၂၀၁၅-၁၆)တို့ဖြစ်ကြပြီး ခရစ္စမတ်ကာလအမှတ်ပေးဇယားကို ဦးဆောင်ပြီး ရာသီကုန် ချန်ပီယံမဖြစ်ခဲ့သည့် အသင်းများမှာ လီဗာပူး(သုံးကြိမ်)၊ အာဆင်နယ် (နှစ်ကြိမ်)၊ နော့ဝှစ်ချ်၊ အက်စ်တွန်ဗီလာနှင့် လိစ်ဒ်ယူနိုက်တက်အသင်းတို့ဖြစ်ကြသည်။


(ရှိုင်းယန်ဟောဒင်)




# အာဆင်နယ်အသင်းရဲ့ လေ့ကျင့်ရေးကွင်းမှာ အကောင်းဆုံးနဲ့ အဆိုးရွားဆုံး ကစားသမားများကို ဘယ်လာရင်ဖွင့်ဟ

အာဆင်နယ်အသင်းနောက်ခံလူ ဟက်တာ ဘယ်လာရင်က အာဆင်နယ်အသင်းလေ့ကျင့်ရေးကွင်းအတွင်း အကောင်းဆုံးနှင့် အဆိုးဆုံးကစားသမားတို့ရဲ့အမည်များအပြင် သူ့အတွက် အကောင်းဆုံးအသင်းဖော်မည်သူဖြစ်သည်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ဘယ်လာရင်ရဲ့ ရွေးချယ်မှုအရ ကိုကွီလင်က လေ့ကျင့်ရေးအစီအစဉ်များအတွင်း ကိုယ်တိုင်လည်း ကြိုးစားသင်ယူသလို အကောင်းဆုံး သင်ကြားပြသပေးသူဖြစ်ကြောင်း၊ လေ့ကျင့်ရေးအစီအစဉ်များအတွင်း အားမစိုက်ဆုံးကစားသမားမှာ ကွင်းလယ်ကြယ်ပွင့် အိုဇေးလ်ဖြစ်ကြောင်း သိရသည်။ သို့သော် ဘယ်လာရင်က အိုဇေးလ်မှာ အစကတည်းက ခြေစွမ်းကောင်းသူဖြစ်၍ အထူးတလည် လေ့ကျင့်စရာမလိုသောကြောင့် အနည်းငယ်သာ အားစိုက်လေ့ကျင့်ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုသည်။

ကိုကွီလင်ကမူ အသင်းလေ့ကျင့်ရေး အချိန်တွင်လည်း တကယ်ကွင်းတွင်းကစားသလို ရာနှုန်းပြည့်ကြိုးစားတတ်သူဟု ဘယ်လာရင်က သုံးသပ်သည်။ ဘယ်လာရင်ကို ဘာစီလိုနာအသင်းမှ ချိတ်ဆက်



ကမ်းလှမ်းခဲ့သော်လည်း အာဆင်နယ်နှင့်သာ ခြောက်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။


ထို့ပြင် ဘယ်လာရင်က ဝင်းဂါးအပေါ် ဆန့်ကျင်နေသည့် ပရိသတ်များ၏ ဆန္ဒကို ၎င်းနားမလည်ဘဲ ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့် အသင့်လျော်ဆုံးနည်းပြတစ်ဦးဖြစ်ကြောင်းလည်း ထောက်ခံစကားဆိုခဲ့သည်။

ဘယ်လာရင်က သူ့အတွက် အရင်းနှီးဆုံး အာဆင်နယ်အသင်းဖော်မှာ စပိန်လူမျိုး နာချိုမွန်ရီယယ်ဖြစ်ပြီး အကောင်းဆုံး အကြံဉာဏ်ပေးနိုင်သူတစ်ဦးအဖြစ် ရှုမြင်သည်။ ဘယ်လာရင်က "ကျွန်တော့်ရဲ့ အကောင်းဆုံးသူငယ်ချင်းကို ပြောပါဆိုရင်တော့ မွန်ရီယယ်ပဲဖြစ်ပါလိမ့်မယ်။ သူနဲ့ကျွန်တော်က ကစားတဲ့ နေရာချင်းလည်း တူတယ်။ သူက ဒါကြောင့် ကျွန်တော် ဘယ်လို ကစားရင် ပိုကောင်းမလဲဆိုတာ ကောင်းကောင်းအကြံပေးနိုင်သူလည်းဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။

ဘယ်လာရင်သည် အာဆင်နယ်သို့ ညာတောင်ပံတိုက်စစ်မှူးတစ်ဦးအနေဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း ဝင်းဂါး၏ နေရာပြောင်းကစားခိုင်းမှုကြောင့် ညာနောက်ခံလူတစ်ဦးဖြစ်လာရခြင်းဖြစ်သည်။

(ရှိုင်းယန်ဟောဒင်)

# လန်ဒန်မြို့တွင်ရောက်ရှိနေသည့် တိုနီခရူးစ် ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်လာခဲ့



ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ တိုနီခရူးစ်သည် ခရစ္စမတ်အားလပ်ရက်အတွင်း လန်ဒန်မြို့သို့ လာရောက်လည်ပတ်နေသည့် ပုံများထွက်ပေါ်လာခဲ့ပြီးနောက် ချက်ချင်းဆိုသလိုပင် ခရူးစ်နှင့် ချယ်လ်ဆီးတို့ ချိတ်ဆက်နေမှုများ ရှိနေပြီဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ သတင်းရင်းမြစ်များက ခရူးစ်သည် ဇာတိမြေ ဂျာမနီနိုင်ငံသို့ မပြန်ဘဲ လန်ဒန်မြို့ကို ရောက်ရှိနေခြင်းမှာ အသင်းပြောင်းရွှေ့ရေး ဆွေးနွေးရန်အတွက်သာဖြစ်သည်ဟု ဖော်ပြကြသည်။

သို့သော် ခရူးစ်သည် ဘိုင်ယန်မြူးနစ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာသည့် ၂၀၁၄ ခုနှစ် နောက်ပိုင်းအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်နေဆဲဖြစ်သလို ချယ်လ်ဆီးနှင့် ရီးယဲလ်ကြားနာမည်ဂုဏ်သတင်း ကွာခြားခြင်းကြောင့် ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့လိမ့်မည်မဟုတ်ကြောင်း ဆန့်ကျင်ဘက်အမြင်များလည်း ရှိနေသည်။ ချယ်လ်ဆီးသည် လက်ရှိအချိန်တွင် ကွင်းလယ်အင်အားတောင့်တင်းနေသော်လည်း ခရူးစ်မှာ နည်းပြ ကွန်တီနည်းစနစ်နှင့် အံဝင်အောင်ကစားနိုင်မည့်သူဖြစ်ရာ ခရူးစ်ကို လာမည့်နွေဈေးကွက်အတွင်းရရှိရေး ချယ်လ်ဆီးကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း သိရသည်။

(ရှိုင်းယန်ဟောဒင်)

# ကော်တင်ဟိုအား ခေါ်ယူရန် ဘာစီလိုနာအသင်းစောင့်ကြည့်မှုများပြုလုပ်နေ

လီဗာပူးအသင်း တိုက်စစ်မှူး ကော်တင်ဟိုအား စပိန်လာလီဂါသို့ ခေါ်ယူရန် ဘာစီလိုနာအသင်းက စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း ဘရာဇီးဂန္ထဝင်ကစားသမား ရော်နယ်ဒင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

ရော်နယ်ဒင်ဟိုသည် ဘာစီလိုနာအသင်းတွင် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကစားခဲ့ပြီး လက်ရှိတွင် ဘာစီလိုနာအသင်း၏ သံတမန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ ဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာအသင်း၏ အကြောင်းအရာများကို သိရှိထားသူဖြစ်ကာ တိုက်စစ်မှူး ကော်တင်ဟိုအား ဘာစီလိုနာအသင်းနည်းပြ ဟင်းနရစ်က ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း ရော်နယ်ဒင်ဟိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ကော်တင်ဟိုသည် လက်ရှိတွင် ခြေချင်းဝတ်ဒဏ်ရာပြဿနာကြောင့် အရန်ခုံတွင်ထိုင်နေရသူဖြစ်ပြီး ဒဏ်ရာသက်သာလာပြီဖြစ်၍ လာမည့်သီတင်းပတ်အတွင်း လီဗာပူးအသင်းတွင် ပြန်လည် ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။



တိုက်စစ်မှူး ကော်တင်ဟိုသည် ဒဏ်ရာမရရှိမီ အချိန်ကာလအထိ နည်းပြ ဂျာဂန်ကလော့၏ လီဗာပူးအသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုနှစ်ရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပရီမီယာလိဂ် ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ရာ၌ သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ကော်တင်ဟိုသည် ယခုနှစ်ရာသီတွင် ဥရောပ၌ အထူးချွန်ဆုံးကစားသမားအဖြစ် ရပ်တည်နေခဲ့သူဖြစ်ခြင်းကြောင့် ဘာစီလိုနာအသင်းက စိတ်ဝင်စားလျက် ရှိနေခြင်းဖြစ်ပြီး လီဗာပူးအသင်းကမူ ကော်တင်ဟိုအား အသင်းတွင်ဆက်ရှိရေး ကြိုးပမ်းသွားမည်ဟု ဆိုသည်။ (ငွေကြယ်)

# JICAထောက်ပံ့မှုဖြင့်ရေပေးမြောင်းများကို အဆင့်မြှင့်တင်မည်

**ဝက်လက် ဒီဇင်ဘာ ၂၆**
ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရေပေးမြောင်း၏ အဖျားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိမှု အပေါ် ခွဲဝေချထားဆောင်ရွက်သွားမည့် အပြင် (JICA) အဖွဲ့အစည်း ကူညီထောက်ပံ့မှုဖြင့် ရေပေးမြောင်းစနစ်များအား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

"ထိန်းသိမ်းရေးဝန်ထမ်းအင်အား နည်းပါးသော်လည်း လက်ရှိခန့်ထားတဲ့ ဝန်ထမ်းအပြင် ထပ်ခန့်ဖို့ အစီအစဉ်ကတော့ မရှိသေးပါဘူး။ ရေပေးမြောင်းတွေ ထိန်းသိမ်းဆောင်ရွက်ဖို့ ရေသောက်တောင်သူတွေကလည်း ရေပေးမြောင်းတွေဟာ အများပိုင်မြောင်းတွေဖြစ်တာနဲ့အညီ သက်ဆိုင်ရာတာဝန်ကျ ဝန်ထမ်းတွေနဲ့အတူ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ဖို့ ဆည်ရေအသုံးချရေးအဖွဲ့ မြောင်းကော်မတီတွေ ဖွဲ့စည်းပြီး ရေပေးမြောင်းတွေ ရေရှည်ကောင်းမွန်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ဦးကမ်ဇာမုံက ပြောပြသည်။

ဝက်လက်မြို့နယ်၏ ဆည်ရေပေးဝေသည့်မြောင်းများကို ၁၉၀၆ ခုနှစ်ကတည်းက တည်ဆောက်ဖောက်လုပ်ထားသောကြောင့် ပျက်စီးယိုယွင်း တိမ်ကောမှုများရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လက်တံမြောင်းနှစ်ခု၊ မိုင်းနားမြောင်းရှစ်ခုတို့ကို ပြုပြင်ကာ ရေသွားလမ်းရှင်းလင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေခွဲဝေချထားဆောင်ရွက်လျက်ရှိသလို မိုင်းနားမြောင်းငါးခု၊ ရေသွားလမ်းရှင်းလင်းခြင်းများကို ရန်ပုံငွေခွဲဝေချထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်သည် ဆည်ရေသောက်ဧရိယာဧက ၁၀၁၂၇၉ ရှိပြီး အဆိုပါ ရေသောက်လယ်များသည် မိုးကြီးသောနှစ်တွင် ရေလွှမ်း၍ စိုက်ပျိုးဧကများ ထိခိုက်ပျက်စီးစေသလို နွေစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေလုံလောက်စွာ မရရှိခြင်းကြောင့် တောင်သူများနစ်နာရကြောင်းသိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရေဆိုးရေနုတ်မြောင်းများ ကောင်းမွန်မှုမရှိသလို ရေပေးမြောင်းများ ကောနေပြီး မြောင်းဖျားဖြစ်နေကာ ဆည်မြောင်းဝန်ထမ်းနည်းပါးနေခြင်းကြောင့်ဖြစ်ကြောင်း ဦးကမ်ဇာမုံက ရှင်းပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဝက်လက်မြို့နယ် ဆည်မြောင်းလုပ်ငန်းများအတွက် တင်ဒါလုပ်ငန်းအနေဖြင့် ရေဆိုးချောင်းတူးဖော်ချဲ့ထွင်ခြင်းလုပ်ငန်း လေးခုကိုလည်းကောင်း၊ ဌာနလုပ်ငန်းအနေဖြင့် ရေဆိုးချောင်းချဲ့ထွင် တူးဖော်ခြင်းလုပ်ငန်းသုံးခု စုစုပေါင်းလုပ်ငန်းခုနစ်ခုကို သာမန်ငွေစာရင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေလွှဲဆည်ပြုပြင်ခြင်းလုပ်ငန်းနှစ်ခုကို ငွေလုံးငွေရင်းခေါင်းစဉ်မှ ကျခံ၍ တင်ဒါလုပ်ငန်းအနေဖြင့်လည်းကောင်း ခွဲဝေချထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် ရေကြီးရေလျှံဖြစ်စဉ်ကို အဓိကဖြစ်စေသောဟံလင်းရေနုတ် မြောင်း၊ ငါးရံ့မင်းရေနုတ်မြောင်း၊ HBC DY-၅ ရေဆိုးချောင်း၊ လမ်းစဉ်လူငယ်မြောင်း၊ ပင့်တာရိုးရေနုတ်မြောင်းနှင့် ပင်ဇင်းရေတံလျှောက် ပြုပြင်ခြင်းလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မီးဘေးကြိုကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

**မင်းလှ ဒီဇင်ဘာ ၂၆**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ ဇေယျာသီရိဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ပြုလုပ်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမောင်ကိုနှင့် ဦးလှိုင်မြင့်သန်း၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟော၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်ကျော်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့ပေါ်ခြောက်ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးသီးသန့်မီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဈေးရုံကြီးအပြင်ဘက်တွင် မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ဈေးကြီးအတွင်း မီးသတ်ရေကန်များအားစစ်ဆေးခြင်း၊ အမှိုက်များနှင့် လောင်စာများရှိ မရှိ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျသုံးစွဲတတ်စေရေးပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စာစာငြိမ်း(အထက်မင်းလှ)**

## မျိုးနွယ်စုအလိုက်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်းရန်မှာကြား

**မြစ်ကြီးနား ဒီဇင်ဘာ ၂၆**
မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းပါးပြို ကာကွယ်ရေး ကျောက်စီနံရံနှင့် ကျောက်စီတမံတည်ဆောက်ခြင်းနှင့် မြစ်ကြီးနားမြို့တွင်း ကတ္တရာလမ်းများတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ပြည်နယ်အစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၁၂၈ ဒသမ ၄၇ သန်းဖြင့် အင်ခိုင်ဘွမ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်လှေဆိပ်ကမ်းပါး ပြိုကာကွယ်ရေး ကျောက်စီနံရံနှင့် ကျောက်စီတမံအလျားပေ ၄၆၀ တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ မနောကွင်းသို့ သွားရောက်၍ မနောအိမ်တော်၌ ကချင်လူမျိုးများရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ မျိုးနွယ်စုအလိုက်ကော်မတီဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းထိန်းသိမ်းရန်မှာကြားပြီး မနောကွင်းဝင်းအတွင်း ဧရာဝတီမြစ်ရေ တိုက်စားခြင်းမှ ကာကွယ်ရန်အတွက် မြေထိန်းနံရံတည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် သခင်နက်ဖေလမ်း အဆင့်မြင့်တိုးချဲ့ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဗထူးလမ်း (ဝိုင်းမော်ကူးတို့ဆိပ်လမ်းနှင့်သမာဓိလမ်းကြား) တိုးချဲ့ကတ္တရာခင်းခြင်းနှင့် ကွန်ကရစ်တိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်တံတားသုံးစင်းနှင့် ဝိုင်းမော်ကူးတို့ဆိပ်လမ်း တိုးချဲ့ကတ္တရာခင်းခြင်း၊ လမ်းဘယ်/ညာကွန်ကရစ်တိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်တံတားတစ်စင်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ကချင်စုရပ်ကွက်တွင် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဧရာဝတီမြစ်ကမ်းပါးပြိုကာကွယ်ရေးကျောက်စီနံရံနှင့် ကျောက်စီတမံ အလျား ၂၅၆ ပေ တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများမှ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံနှုန်းအတိုင်း စနစ်တကျဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး မင်းရပ်ရပ်ကွက်ရှိ ပြည်သူ့အားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြစ်ကြီးနားဌာနခွဲ ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း မျိုးနွယ်စုအလိုက်တိုင်းရင်းသားဝတ်စားဆင်ယင်မှုပြခန်း၊ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများပြခန်း၊ တိုင်းရင်းသားစာပေပြခန်း၊ တိုင်းရင်းသားရိုးရာအိမ်ပြခန်း၊ ရိုးရာပွဲတော်ပြခန်း၊ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းပြခန်း၊ ဗုဒ္ဓဆင်းတုတော်ပြခန်း နှင့်ရှေးဟောင်းပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြည်နယ်ပြန်/ဆက်**

## တိုင်းလိုင်(ရှမ်းနီ)ရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားဗန်းမောက်မြို့နယ်၌ကျင်းပ



**ဗန်းမောက် ဒီဇင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် ဗန်းမောက်မြို့နယ် တိုင်းလိုင်(ရှမ်းနီ)ရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ၂၄ ရက် နံနက် ၁၀နာရီက ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု မံအင်မန်ကျိုးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားများ အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးညီညီဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းနှင့် မံအင်းမန်ကျိုးကုန်းကျောင်း ဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဟုမ္မလင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိဆရာတော် ဦးဉာဏိတ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဗန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူး၊ တိုင်းရင်းသားများ အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်၊ ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က နှစ်သစ်ကူးအမှာစကားပြောကြားပြီး ဒေသခံဦးစိုးမြင့်က ကျေးဇူးတင်စကားပြောခဲ့သည်။

အဆိုပါ တိုင်းလိုင်(ရှမ်းနီ)ရိုးရာနှစ်သစ်ကူးပွဲတော်သို့ တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တိုင်းလိုင်(ရှမ်းနီ) တိုင်းရင်းသားများ အားလုံးပါဝင် ဆင်နွှဲကြပြီးတိုင်းလိုင်(ရှမ်းနီ)ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာပဒေသာ ကပွဲ၊ ဈေးရောင်းပွဲ၊ မီးပုံပွဲတို့ဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

## ရောဘတ်ဘုရားကျောင်း(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ပွဲကျင်းပ



**ဗန်းမော် ဒီဇင်ဘာ ၂၆**
ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက် ကချင်နှစ်ခြင်း ရောဘတ်သာသနာဝင်းတွင် ရောဘတ် ဘုရားကျောင်း(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ရောဘတ်ဘုရားကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရောဘတ်ကျောင်းရှေ့ကွင်းပြင်၌ ဓမ္မဆရာမဒေါ်ဂျာနူးပန်က ဦးဆောင်၍ အမှုဆောင် ဓမ္မဆရာ ဆရာမများ၊ မင်္ဂလာပလိုင်းပါဝင်သူများက ရောဘတ်ဘုရားကျောင်းအား တစ်ပတ် ပတ်ကာ ကချင်ရိုးရာ ထောင်ကာအကဝိုင်းဖွဲ့ကခြင်းနှင့် ဘုရားသခင်ဂုဏ်တော်ချီးကျူးသီကျူးကြပြီး ရောဘတ်ဘုရားကျောင်း အဆောက်အအုံအတွင်း၌ ဆရာမဒေါ်ဂလောင်းခွန်တောင်က ဦးဆောင်၍ သိက္ခာတော်ရဦးလာလောက်ဂယုန်းခေါင်က ဒေသနာဟောကြားခြင်း၊ သိက္ခာတော်ရ ဦးလဗျပေါလ်နော်တောင်က ဆုတောင်းပေးခြင်း၊ ဆရာမဒေါ်လဗျတောင်မိုင်နှင့်အဖွဲ့က ပီယာနိုတီးခတ်သီကျူးခြင်း၊ ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းခြင်း၊ ဓမ္မသီချင်းအမှတ်(၁၅၃)အား ရွတ်ဆိုခြင်း၊ သိက္ခာတော်ရ ဦးဒါရှီအောင်းဒွန်းက ကြိုဆိုနှုတ်ခွန်းဆက်သခြင်း၊ ဆုလက်ဆောင်များ ချီးမြှင့်ခြင်း၊ သိက္ခာတော်ရ ဦးလဗျပေါလ်နော်တောင်က ဆုတောင်းပေးခြင်း၊ ဆရာမလရှီး ဘောက်ဂျာက ကျမ်းစာဖတ်ကြားခြင်း၊ သိက္ခာတော်ရ ဦးလာလောက်ဂယုန်းခေါင်က ဒေသနာဟောကြားခြင်း၊ ဓမ္မသီချင်းအမှတ်(၄၂၅)အား ရွတ်ဆိုခြင်း၊ သိက္ခာတော်ရ ဦးဒါရှီအောင်းဒွန်းက ကောင်းချီးမင်္ဂလာပို့သခြင်းများ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ရောဘတ်ဘုရားကျောင်းမှ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော်ဦးဂျေအမ်နော်ဒင်းနှင့် သိက္ခာတော်ရဆရာတော်များ၊ သင်းအုပ်ဆရာများ၊ ဓမ္မဆရာ၊ ဆရာမများ၊ ခရိုင်ကချင်နှစ်ခြင်းခရစ်ယာန်များအဖွဲ့ချုပ် (KBC)မှ အသင်းသူအသင်းသားများ တက်ရောက်ခဲ့ကြသည်။ **ခရိုင်ပြန်/ဆက်**

# တောဆင်ရိုင်းများ ကျင်လည်ကျက်စားနေမှု သိရှိစေရန် တောဆင်ရိုင်း ငါးကောင်အား ရေဒီယိုကော်လာတပ်ဆင်



**တိုက်ကြီး ဒီဇင်ဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံကျေးရွာအုပ်စု မြိုင်ဟေဝန်ဆင်စခန်းကို အခြေပြု၍ တောဆင်ရိုင်းများ၏ ကျင်လည်ကျက်စားမှု၊ သွားလာလှုပ်ရှားမှုများကို သိရှိစေရန် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ တောဆင်ရိုင်းငါးကောင်အား ရေဒီယိုကော်လာ ထပ်မံ၍ တပ်ဆင်ပေးနေကြောင်း Wild Wildlife Fund(WW F) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတောဆင်ရိုင်းများ ကျင်လည်ကျက်စားသွားလာလှုပ်ရှားမှုနှင့် စားသောက်ဟန်တို့အား သိရှိစေရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလပထမပတ်တွင် တောဆင်ရိုင်းခြောက်ကောင်အား ရေဒီယိုကော်လာများ တပ်ဆင်ပေးထားပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် တောဆင်ရိုင်း ငါးကောင်အား ရေဒီယိုကော်လာများ ထပ်မံတပ်ဆင်နေကြောင်း မြိုင်ဟေဝန်ဆင်စခန်း ဆင်ဖမ်းအဖွဲ့ဆင်အုပ်ကြီး ဦးမောင်မောင်က ရှင်းပြသည်။

တိုက်ကြီးမြို့နယ်တွင်း တောဆင်ရိုင်းများ သွားလာကျက်စားခဲ့သောနေရာများတွင် ထဘူးလှဆည် တည်ဆောက်ခြင်း၊ ဖလုံကြီးဝိုင်းသစ်တောအတွင်း ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်းတို့ကြောင့် တောဆင်ရိုင်းများ စားကျက်ပျောက်ကာ လူနှင့်ဆင်ပဋိပက္ခဖြစ်ပေါ်မှုများရှိခဲ့ကြသည်။ ထို့ကြောင့် တောဆင်ရိုင်းအန္တရာယ် ကာကွယ်ရန် ဆိုလာတပ်လျှပ်စစ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုအချိန်တွင် တောဆင်ရိုင်း မည်မျှရှိသည်ကို သိရှိရန်အတွက် တောဆင်ရိုင်းတစ်ကောင်ကို ရေဒီယိုကော်လာ တပ်ဆင်ပေးလိုက်လျှင် ၎င်း၏ ပတ်ဝန်းကျင် မိုင် ၂၀ အတွင်း တောဆင်ရိုင်းများ နေထိုင်ကျက်စားပုံတွေကို မှတ်တမ်းအရ သိရှိမည်ဖြစ်ကြောင်း (WWF) အဖွဲ့က ထပ်လောင်းပြောကြားသည်။

၎င်းအပြင် ကျေးရွာများတွင် တောဆင်ရိုင်းများ ဝင်ရောက်လာပါက ဒေသခံများမှ သတင်းပို့ချက်အရ အရေးပေါ်မှု အပေါ်မူတည်ပြီး မြိုင်ဟေဝန်ဆင်စခန်းမှ သစ်ထုတ်လုပ်ရေးဆင် သုံးကောင်နှင့်လိုက်လံရှာဖွေပြီး မေ့ဆေးသေနတ်ဖြင့် ပစ်၍ ရေဒီယိုကော်လာတပ်ဆင်ပေးနေကြောင်း၊ ထိုဆင်သည် ၂၄ နာရီအတွင်း မေ့ဆေးပြေ၍ ရေဒီယိုကော်လာတပ်ဆင်ပြီးသော တောဆင်ရိုင်းများ သွားလိုရာသွားနိုင်ကြောင်း မြိုင်ဟေဝန်ဆင်စခန်း ဆင်ဖမ်းအဖွဲ့ထံမှ သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## မှုခင်းသတင်းထောက်များနှင့် မှုခင်းကလောင်ရှင်များ ရုံးခန်းဖွင့်

**ဗဟန်း ဒီဇင်ဘာ ၂၆**
မြန်မာနိုင်ငံလုံးဆိုင်ရာ မှုခင်းသတင်းထောက်များနှင့် မှုခင်းကလောင်ရှင်များအဖွဲ့ချုပ် (ဗဟို)မှ ရန်ကုန်တိုင်းဒေသကြီး ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီ က ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ကမ္ဘာအေးဘုရားလမ်း အမှတ်၅၂၀ ဗ/၃ ၌ ကျင်းပခဲ့သည်။

ဗဟိုဥက္ကဋ္ဌ ဦးယဉ်ကျော်၊ ပြန်ကြားရေးမှူး ဦးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး နာယက ဗိုလ်မှူးကြီး ဝင်းနိုင်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးစိုးသန်းထွန်း(လူမှုထူးချွန်တတိယအဆင့်) နှင့် တာဝန်ရှိသူတို့က ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဗဟိုဥက္ကဋ္ဌ ဦးယဉ်ကျော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးနာယက ဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)က ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

တိုင်းတာဝန်ခံ ဦးစိုးသန်းထွန်းက အစိုးရနှင့်ပြည်သူအကြား မီဒီယာအခန်းကဏ္ဍအနေဖြင့် စတုတ္ထမဏ္ဍိုင် ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်သူ့ရဲတပ်ဖွဲ့၏ အရန်အင်အား တစ်ရပ်လည်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေပြီး အင်အားဖြည့်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**၁၉၇**

## ရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

**သာကေတ ဒီဇင်ဘာ ၂၆**
ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းနှင့် အမှတ် (၇) ရပ်ကွက်တို့ပူးပေါင်းဖွင့်လှစ်သော (၂/၂၀၁၆ )ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်ပွဲကို သာကေတမြို့နယ် အမှတ် (၇) အရှေ့ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးက သင်တန်းသား သင်တန်းသူများကို သင်ကြားတတ်မြောက်အောင်သင်ကြား၍ မိမိရပ်ကွက်၊ မိမိလမ်းတွင် တာဝန်ယူဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လုံခြုံရေးအမြင်၊ လုံခြုံရေးအသိဖြင့် လုံခြုံရေးမကျိုးပေါက်စေရန် ဆောင်ရွက်

**ဖျာပုံ ဒီဇင်ဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့အကျဉ်းဦးစီးဌာန အကျဉ်းထောင်တွင် ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီက လုံခြုံရေးစီမံချက်ဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဇာတ်တိုက် လေ့ကျင့်ရာ အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးအေးသန်း၊ ဖျာပုံခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်မင်းတို့ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဆီဖြင့်မီးလောင်မှုကို Water Miss Gun (HNE) ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အကျဉ်းဦးစီးဌာန အကျဉ်းထောင်ဝန်ထမ်းများက တစ်ဦးချင်းလက်တွေ့မီးငြိမ်းသတ် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

ဖျာပုံမြို့ အကျဉ်းထောင်တွင် လုံခြုံရေးစီမံချက်အရ အကျဉ်းသူ၊ အကျဉ်းသားများ လုံခြုံရေးအတွက် အဆင့်ဆင့်သော အမှုထမ်းများ၏ လုံခြုံရေးအမြင်၊ လုံခြုံရေးအသိဖြင့် လုံခြုံရေးမကျိုးပေါက်စေရန် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အဓိကရုဏ်းကာကွယ်နှိမ်နင်းရေးပစ္စည်းများဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်လေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးအေးသန်းထံမှ သိရသည်။

**၅၄၀**



# ဖြန့်ဖြူးပေးတော့မည့် မျိုးကောင်းမျိုးသန့် ပေါ်ဆန်းဘေးကျားကြီးရိတ်သိမ်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန (ကော်ဖီ-ရာသီသီးနှံဌာနခွဲ)မှ ကြက်ဖမွေးဇောင်းစိုက်ကွင်းတွင် ဆင်းသွယ်လတ်၊ ပေါ်ဆန်းရင်နှင့် ပေါ်ဆန်းဘေးကျားကြီး အမျိုးအစား စပါးများကို စီးပွားဖြစ်မျိုးသန့်၊ မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေကြောင်း စိုက်ကွင်းမှူး ဦးအောင်သူရဘလှထံမှ သိရသည်။

ဆင်းသွယ်လတ်နှင့် ပေါ်ဆန်းရင် စပါးမျိုးကို နိုဝင်ဘာလအတွင်းက ရိတ်သိမ်းခဲ့ပြီး ပေါ်ဆန်းဘေးကျားကြီး စပါးမျိုးကို ဒီဇင်ဘာ၂၃ ရက် နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့သည်။

ဆင်းသွယ်လတ်စပါးမျိုးသည် သက်တမ်း ၁၃၅ ရက် စိုက်ပျိုးရပြီး တစ်ဧက ပျမ်းမျှတင်း ၇၀ နှုန်း၊ ပေါ်ဆန်းရင်စပါးမျိုးသည် သက်တမ်း ၁၄၈ ရက် စိုက်ပျိုးရပြီး တစ်ဧက ပျမ်းမျှ ၅၂ တင်းနှုန်း၊ ပေါ်ဆန်းဘေးကျားကြီး စပါးမျိုးသည် သက်တမ်း ၁၈၀ ရက် စိုက်ပျိုးရပြီး တစ်ဧက ၆၅ တင်းနှုန်း(အခြောက်)ထွက်ရှိသည်။ အဆိုပါ စပါးမျိုးကောင်းမျိုးသန့်များကို လာမည့်နှစ်မှစ၍ တောင်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဓာနည်မောင်)**



## ကလေးငယ်များ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်စေရေး ဝိုင်းဝန်းဆောင်ရွက်

**နောင်ချို ဒီဇင်ဘာ ၂၆**
ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူ လူငယ်များ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရေးအတွက် စာရွက်ခေါက်နည်းများ၊ ပန်းချီ၊ ကာတွန်းရေးဆွဲနည်းများ ဆောင်ရွက်ရာ ကလေးငယ်များ ပျော်ရွှင်စွာလိုက်ပါဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများကို ဒီဇင်ဘာ ကျောင်းပိတ်ရက်များတွင်လည်းကောင်း၊ ကျောင်းအားလပ်ချိန်များတွင် လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ ကျေနပ်ဝမ်းသာလျက်ရှိကြသည်။

**(ကြေးမုံ)**

## ဒဏ်ရာရခရီးသွားပြည်သူတစ်ဦးအား နေရပ်သို့ပြန်လည်ပို့ဆောင်ပေး

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီး၌ ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်ရထားရဲစခန်းမှ နယ်ထိန်းဒုတပ်ကြပ် ကျော်ဇေယျာထွန်းဦးစီးအဖွဲ့သည် ရန်ကုန်ဘူတာကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် အမှတ် (၁) စင်္ကြံ ဝင်၊ ထွက်ပေါက်အနီး ခရီးသည်ဦးသန်းစိန် အသက် (၆၄) နှစ်သည် အဖော်မပါဘဲ နေပြည်တော်သို့သွားရန် ရထားစောင့်ဆိုင်းနေစဉ် အားနည်း၍မူးလဲကျရာမှ ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာရရှိသွားသဖြင့် ဆေးကုသမှုခံယူရန် ဆောင်ရွက်ပေးခဲ့ပြီး ခရီးသွားနိုင်ရေးအတွက် ရထားပေါ်ရှိ တာဝန်ရှိသူများထံ ပို့ဆောင်အပ်နှံကူညီပေးခဲ့ကြောင်း သိရသည်။

**၁၁၈**

## အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင် – သပိတ်ဆေးဘုရား ရာသီလမ်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွင့်မည်

**ပုလဲ ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နှင့် ၄၁ မိုင်ကွာဝေးသော သဘာဝသစ်ပင် သစ်တောကြီး၏ အလယ်တွင်ရှိသည့် အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-သပိတ်ဆေးဘုရား ရာသီလမ်းဖွင့်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ယင်းမာပင်မြို့နယ် ကပိုင်စံပြကျေးရွာ၌ပြုလုပ်မည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

အလောင်းတော်ကဿပနှင့် သပိတ်ဆေးဘုရားသည် ယင်းမာပင်မြို့နှင့် ၄၁ မိုင်ကွာဝေးပြီး ယင်းမာပင်- ဇီးတော-ကပိုင်လမ်းမှလည်းကောင်း၊ မုံရွာမြို့နှင့် မိုင် ၅၀ ကျော်ကွာဝေးပြီးမုံရွာ-ယာကြီး-ကလေးဝလမ်းမှလည်းကောင်း သွားလာနိုင်ပြီ ဖြစ်သည်။ ယင်းမာပင်-ဇီးတော-ကပိုင်လမ်းသည် မိုင် ၂၀ ရှိ၍ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းမှ သွားမည်ဆိုလျှင် ချင်းတွင်းတံတား(မုံရွာ)မှ တရော်ကျင်း-ညောင်ကိုင်း-ကပိုင်လမ်းအထိ ၃၂ မိုင် ကွာဝေးပြီး ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပ စံကျောင်းတော်သို့ တစ်မိုင် ကွာဝေးသည်။

အဆိုပါ ဘုရားလမ်းသည် နှစ်စဉ်မိုးတွင်းအခါများတွင် ပျက်စီးမှုများရှိခဲ့သည့်အတွက် အလောင်းတော်ကဿပဝန်ဆောင်မှုအဖွဲ့ ဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနတာဝန်ရှိသူများ၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများပူးပေါင်း၍ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလဆန်းမှ စတင်ပြီး စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဖောက်လုပ်ခဲ့သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အနေဖြင့် အလောင်းတော်ကဿပသို့ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဓေယျာမြေ)**





## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ညောင်ဦးအကျဉ်းထောင်စစ်ဆေး

**ညောင်ဦး ဒီဇင်ဘာ ၂၆**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိုး၊ ညောင်ဦးခရိုင် တရားသူကြီး ဒေါ်ခင်မြင့်ချိုတို့နှင့် အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ညောင်ဦးအကျဉ်းထောင်သို့ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်နှင့် ညောင်ဦးအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးသိန်းအေးတို့က အကျဉ်းသား၊ အကျဉ်းသူများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေရရှိမှု အခြေအနေများနှင့် စာပေဗဟုသုတလေ့လာနိုင်ရန် စာကြည့်တိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ပြစ်ဒဏ်ကျခံရသူများ၏ အဆောင်များနှင့် စားဖိုဆောင်များ၌ သန့်ရှင်းစွာထားရှိမှု ရှိ၊ မရှိ၊ သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ တို့ကို မေးမြန်းစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ရဲသူရအောင် (ညောင်ဦး)**

## Victory Radiance Co.,Ltd မှ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ LED မီးတိုင်များလှူဒါန်း

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ခေတ်မီဆန်းသစ်လှပသော မြို့အင်္ဂါရပ်နှင့်ညီသော နောက်ဆုံးပေါ် နည်းပညာဖြင့် လျှပ်စစ်မီတာခ သက်သာ၍ လုံခြုံရေး အဆင့်အတန်းမြင့်မားသော LED မီးတိုင်များအား Victory Radiance Co., Ltd အဖွဲ့မှ ဒါရိုက်တာဦးစည်သူဝင်း၊ အထွေထွေမန်နေဂျာ ဦးနေဝင်းထိုက်နှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လာရောက်လှူဒါန်းကြောင်း သိရသည်။

အဆိုပါမီးတိုင်များကို Victory Radiance Co., Ltd နှင့် Trinity Constauion Co., Ltd တို့ပူးပေါင်းပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် မွန်ပြည်နယ်အတွင်းရှိ မောရဝတီပန်းခြံ၊ သံလွင်တံတားအဝင်၊ ဟသ်ာအဝိုင်းနှင့် ကမ်းနားလမ်းတို့တွင် တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ၎င်း LED မီးတိုင်များတွင် CCTV နှင့် Wi-Fi အခမဲ့ အသုံးပြုနိုင်သည့်စနစ်များပါ ရှိမည်ဖြစ်သည်။ မွန်ပြည်နယ်အစိုးရအဖွဲ့တွင် အရင်ဆုံးတပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် မော်လမြိုင်မြို့၏ အထင်ကရနေရာများတွင် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဦးစည်သူဝင်းက ပြောကြားခဲ့သည်။

လှူဒါန်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးများ၊ Victory Radiance Co.,Ltd မှ ဒါရိုက်တာနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## မြစိမ်းရောင်စီမံကိန်း အတိုးရငွေများထုတ်ချေးခြင်းနှင့် အသင်းဝင်များ၏လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင် စီမံကိန်းချေးငွေမှ ရရှိလာသည့်အတိုးရငွေများအား ထပ်မံထုတ်ချေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် မိသားစုဝင်ငွေတိုးပွားလာစေရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးရွာရှိ မြစိမ်းရောင်အသင်းသား၊ အသင်းသူများအား ကျပ် သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း၊ အဆိုပါ ချေးငွေမှ အတိုးရရှိငွေ ကျပ် ၁၂ သိန်းကို အသင်းဝင် ခုနစ်ဦးအား ထပ်မံထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်မင်းဆွေက မြစိမ်းရောင်စီမံကိန်းအသင်းဝင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ချေးငွေကျပ် ၁၂ သိန်းအား အသင်းဝင်တစ်ဦးထံသို့ လွှဲပြောင်းပေးခဲ့သည်။

ယင်းနောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်အဖွဲ့သည် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## ပြည်သူများဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာတိုးချဲ့တပ်ဆင်

**တောင်သာ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်မန်နေဂျာရုံးနှင့် Junction River Trading ကုမ္ပဏီတို့ ပူးပေါင်း၍ အမှတ် (၅) ရပ်ကွက် ဘူတာရပ်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးကို ဒီဇင်ဘာ ၂၄ ရက်က တိုးချဲ့တပ်ဆင် ဆောင်ရွက်ပေးခဲ့သည်။



တောင်သာမြို့ အမှတ် (၅) ရပ်ကွက် ဘူတာရပ် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးအား တိုးချဲ့တည်ဆောက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစောမောင်ကြီး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းထွန်းက ဦးဆောင်ကြီးကြပ်လျက်ရှိသည်။

အဆိုပါ ထရန်စဖော်မာ တိုးချဲ့တည်ဆောက်ခြင်းဖြင့် ဗို့အားပြည့်ပြည့်ဝဝ အသုံးပြုနိုင်မည်ဖြစ်ပြီး ဆက်စပ်လိုင်းများရှိ သစ်သားဓာတ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်း



**ကော့သောင်း ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် လမ်းပိအက္ခဝါအမျိုးသားဥယျာဉ် ဝါးအလယ်ကျွန်းတွင် Benchmade Asia (Myanmar Limited) မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် သဘာဝအခြေခံခရီးသွားအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ( Environmental Impact Assessment- EIA) ဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းခြင်း အခမ်းအနားတစ်ရပ်ကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်း က ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ကော့သောင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုင်အစ်စတာက တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Benchmade Asia (Myanmar Limited) အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ဝါးအလယ်ကျွန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် သဘာဝအခြေခံ ခရီးသွားအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး E Guard Environmental Services Co,Ltd အတိုင်ပင်ခံ ဒေါ်မို့မို့ခိုင်က စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများက သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေအနေများအား မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ ဝါးအလယ်ကျွန်း သဘာဝအခြေခံ ခရီးသွားအပန်းဖြေစခန်း စီမံကိန်းလုပ်ငန်းအား Benchmade Asia (Myanmar Limited) မှ ၂၀၁၄ ခုနှစ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ လုပ်ကိုင်ခွင့် တင်ဒါအောင်မြင်ခဲ့ပြီး ၃၉၃၄ ဧက ရှိ ကျွန်းဧရိယာမှ ၁၀၀ ဒသမ ၁၅ ဧက အသုံးပြုကာ သစ်ပင်၊ ကျက်စားနေထိုင်သည့် ရေနေကုန်းနေသတ္တဝါ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဘဲ အဏ္ဏဝါဗေဒကျောင်းသားများ ၊ ကမ္ဘာအရပ်ရပ်မှ သုတေသနပညာရှင်များ သုတေသနပြုလုပ်ရန်နှင့် ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေနိုင်ရေး အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၀၀ ရင်းနှီးမြှုပ်နှံ၍ လာမည့်သုံးနှစ်အတွင်း အပြီးသတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

## ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်လှစ်ပို့ချ

**ဝါးခယ်မ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကြက်ခြေနီအသင်း ကျုံမငေးမြို့ ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးကာ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း ( ၁ / ၂၀၁၆) ကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျုံမငေးမြို့ ဈေးရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ စတင်ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အဖွင့်အမှာစကား ပြောကြားကာ ဝါးခယ်မမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တပ်ရင်းမှူး ရဲမှူးမြင့်သိန်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရည်ရွယ်၍ လူသားချင်း စာနာစိတ်ဖြင့် ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးတို့ကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ နှင့် ပြည်သူလူထုအတွင်း ရှေးဦးပြုစုခြင်း ပညာရပ်များပြန့်ပွားစေရေး၊ ကြက်ခြေနီအဖွဲ့ဝင် အင်အားတိုးပွားလာစေရေးကို ရည်ရွယ်ပြီး သင်တန်းဖွင့်လှစ် ပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၅ ရက်မှ တစ်ပတ်ကြာ စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ကျုံမငေးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့ကျင့်သင်ယူလိုသူ ၁၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းရေး အခြေခံပညာကျောင်းပေါင်းစုံ အားကစားစွမ်းရည် ပြိုင်ပွဲများ ညောင်တုန်းမြို့၌ကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၂၆**

ကျန်းမာကြံ့ခိုင်သောကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားစွမ်းရည်ဖော်ထုတ်ပွဲ၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ညောင်တုန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုနှင့် အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်အားပေးကြည့်ရှုသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂၂ ဦးက မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ နှင့် အပြေးပြိုင်ပွဲများ၊ သံပြားပစ်၊ သံလုံးပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ သုံးဆင့်ခုန်နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်း၊ မီတာ ၄၀၀ အထက်တန်းဆင့် လက်ဆင့်ကမ်းပြိုင်ပွဲများစသည့်ဖြင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများက တစ်ဦးချင်းနှင့် အသင်းအဖွဲ့လိုက်ဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်

**ကလေး ဒီဇင်ဘာ ၂၆**

ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု ချင်းဆိုင်ကျေးရွာ ကွင်းအမှတ်(၈၀၀/င) တွင် စိုက်ပျိုးထားသော မိုးစပါးဧရာမင်းမျိုးသန့် မျိုးစေ့ထုတ်စံပြစိုက်ခင်း ဧက၅၀၊ ဦးပိုင်အမှတ် (၂၅) မှ တောင်သူ ဦးခင်မောင်တင့်၏ ဧရာမင်းမျိုးစေ့စိုက်ခင်း ရှစ်ဧကအား သုည ဒသမ ၁၀ ဧကအရွယ် စံကွက်ရိတ်သိမ်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း(အစို) ၁၂၁ ဒသမ ၈၇ တင်းနှုန်းထွက်ရှိခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ စိတ်ဝင်စားသူဒေသခံတောင်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးစပါးရာသီ၌ မိုးစပါးစိုက်ဧက ၉၆၀၆၇ ဧက စိုက်ပျိုးခဲ့ရာ ဧရာမင်းစပါးမျိုးမှာ ၅၁၃၂၆ ဧက စိုက်ပျိုးခဲ့သဖြင့် တစ်မြို့နယ်လုံး စိုက်ဧရိယာ၏ ၅၃ ရာခိုင်နှုန်းစိုက်ပျိုးခဲ့သည်။ သို့ဖြစ်ပါ၍ ကလေးမြို့နယ်အတွင်း ဧရာမင်းမျိုးသန့်စပါးများ ဆက်လက်ပြန့်ပွားနိုင်ရေးအတွက် ယခုကဲ့သို့ မျိုးစေ့ထုတ်စံပြစိုက်ခင်းများ ဆောင်ရွက်ပြသခြင်းဖြစ်ပြီး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသော ဆန်စပါးများ ထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် ယခုလိုမျိုးစေ့ထုတ်စိုက်ခင်းများဆောင်ရွက်ကာ ဒေသအတွင်းမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးဆောင်ရွက်ရခြင်းဖြစ်သည်။ လာမည့်နှစ်များတွင်လည်း ယခုနှစ်ထက်ပိုမို၍ မျိုးကောင်းမျိုးသန့်များ တောင်သူအများစုကကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးအောင်က ရှင်းပြသည်။

**ချင်းတွင်းသား**



## ကျေးလက်ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် တွီးဆောမ်းကြိုးတံတားတည်ဆောက်

**တွန်းဇံ ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ခွာလ်ပီး-နတ်ဇန်ကျေးရွာအကြား ပေ ၃၀၀ ရှိ တွီးဆောမ်းကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းအား ဒီဇင်ဘာ ၂၂ ရက်က တွန်းဇံမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါကြိုးတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀ အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ရာ ကြိုးတံတားကွင်းဆင်းစစ်ဆေးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောက်လုပ်နေကြောင်းတွေ့ရှိရပြီး ယင်းကြိုးတံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးပါက မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်သည့်အပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

## မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးပညာပေး

**သီပေါ ဒီဇင်ဘာ ၂၆**
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူခင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီကကျင်းပသည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၀ တို့အား အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်မဲမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ နောင်ပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်စွာဝင်းက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုအပါအဝင် အဓမ္မမှုများမဖြစ်ပေါ်ရေးကိုလည်းကောင်း၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်လွင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**





## ရထားဖြင့် ခရီးသွားလာမှုလျော့နည်းလာသောကြောင့် ဘူတာပုံကျဈေးသည်များ ဝင်ငွေကျဆင်း

**မိုးညှင်း ဒီဇင်ဘာ ၂၆**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ဒီဇင်ဘာလ ကျောင်းပိတ်ရက်နှင့် ပွင့်လင်းချိန်ရာသီရောက်သော်လည်း ဒေသန္တရခရီးသွားလာရေးတွင် အထက်မြန်မာပြည် ဒေသခံအများစုက ရထားဖြင့်ခရီးသွားလာမှုများ တဖြည်းဖြည်းလျော့နည်းလာသောကြောင့် ဘူတာရုံရှိပုံကျဈေးသည်များ ဈေးရောင်းဝယ်မှုကျဆင်းလာသဖြင့် မိသားစုနေ့စဉ်ဝင်ငွေအတွက် စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

အထက်မြန်မာပြည်၏ ကုန်စည်စီးဆင်းမှုနှင့် ဒေသန္တရခရီးသွားလာမှုတို့တွင် ယခင်က မီးရထားဖြင့် မန္တလေး-မြစ်ကြီးနား အစုန်၊ အဆန်ခရီးစဉ်သည် အဓိကအရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့သော်လည်း ယခုအခါ ခရီးသည်လိုက်ပါမှုလျော့နည်းလာသဖြင့် နိုင်ငံတော်ဘတ်ဂျက်ဝင်ငွေကို အားနည်းစေနိုင်ကြောင်း၊ ရထားခရီးစဉ်ပြေးဆွဲတိုင်း အရှုံးဖြင့် တစ်ခါတစ်ရံပြေးဆွဲပေးနေရသဖြင့် မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူများက ရေရှည်တိုးတက်မှုဆောင်ရွက်နိုင်ရန်အတွက်စနစ်တကျ လုပ်ဆောင်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည် ။

"ကျွန်မတို့က ဘူတာမှာနေ့စဉ် ထမင်းဟင်းလျာတွေကို ရောင်းချခဲ့တာ ၁၀ နှစ်ကျော်ရှိပါပြီ။ အရင်နှစ်တွေက ဈေးရောင်းမကောင်းပေမယ့် နေ့စဉ်ဝင်ငွေတော့ အနည်းအကျဉ်းရှိပါတယ်။ ဒီနှစ်ပိုင်းထဲမှာ တစ်ခါတလေ ဈေးဦးမပေါက်တဲ့ရက်တွေလည်းရှိပါတယ်။ အခုလို ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ ရထားစီးခရီးသည်တွေ ရိုးရိုးတန်းတစ်တွဲမှာ ၄၅ ဦး၊ အထက်တန်းတွဲနဲ့ ပထမတန်းတွဲတွေမှာဆိုရင် တစ်တွဲကို ၁၅ ဦးလောက်ပဲရှိပါတယ်။ ဒါကြောင့် ဈေးရောင်းမကောင်းတာပါဟု" မိုးညှင်းဘူတာမှ ပုံကျအရောင်းဈေးသည်တစ်ဦးက ပြောပြသည်။

ယခုအခါ အထက်မြန်မာပြည်၏ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းနှင့် ဒေသန္တရခရီးသွားလာခြင်းလုပ်ငန်းတို့တွင် ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုသာ အဓိကအားထားနေရသောကြောင့် မီးရထားဖြင့် ခရီးသွားလာပါက ငွေကြေးကုန်ကျမှုများစွာ သက်သာသော်လည်း ရထားဖြင့် ခရီးသွားလာသူများမှာ အနည်းငယ်သာရှိကြောင်း၊ ရန်ကုန်-မန္တလေးသို့ နေ့စဉ်ခရီးသည်တင် မော်တော်ယာဉ်ကြီးယာဉ်ငယ်များဖြင့် အစီးရေ ၂၀ ခန့် သွားလာလျက်ရှိကြောင်း သိရသည်။

**ဝဿ**

## ရော်ဘာအစေးလှီးခြင်းနှင့် ဈေးကွက်ဝင် အဆင့်မြင့်ရော်ဘာပြားများ ထုတ်လုပ်နိုင်ရန် မြစ်ကြီးနားတွင် သင်တန်းဖွင့်လှစ်သင်ကြား

**မြစ်ကြီးနား ဒီဇင်ဘာ ၂၆**
ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရော်ဘာအစေးလှီးခြင်းနှင့် ဈေးကွက်အဆင့်မြင့် ရော်ဘာပြားထုတ်လုပ်ခြင်းသင်တန်းကို ဒီဇင်ဘာ တတိယအပတ်က (နော်နန်း) ရော်ဘာခြံ မြစ်ကြီးနားတွင် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မျိုးတို့က ကချင်ပြည်နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်အခြေအနေ၊ ရော်ဘာအထွက်နှုန်းမြင့်မားရေးအတွက် ဒေသနှင့် ကိုက်ညီသော ရော်ဘာမျိုးကောင်း၊ မျိုးသန့် စိုက်ပျိုးရေး၊ ဈေးကွက်ဝင်အဆင့်မြင့် ရော်ဘာပြား ထုတ်လုပ်နိုင်ရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## လင်းခေးခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**လင်းခေး ဒီဇင်ဘာ ၂၆**
ရှမ်းပြည်နယ် ပြည်နယ်လျှပ်စစ်ဝန်ကြီး ဦးဆွေသိန်းသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့သို့ရောက်ရှိခဲ့ပြီး လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက လင်းခေးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် ခရိုင်မိခင်နှင့်ကလေး ကျန်းမာရေးဌာန အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ လွန်ခဲ့သောရက် (၁၀၀ စီမံချက်ကာလအတွင်း) လင်းခေးမြို့အဝင်လမ်းလျှပ်စစ်မီး(လမ်းမီး)များ သွယ်တန်း ပြီးစီးထားသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီတွင် လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ခရိုင်(နတလရုံး)နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (လင်းခေးခရိုင်) ဝင်းအတွင်း အဆောက်အအုံအသစ်များ အသီးသီးတည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်များသို့ လှည့်လည်ကာ ယင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသူများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆောက်အအုံများ တည်ဆောက်သွားရေးအတွက် အဆင့်ဆင့်တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့သည်။

ကွင်းဆင်းကြည့်ရှု စစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့အား လင်းခေးခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနအလိုက်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးသွားသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါလုပ်ငန်းများသည်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ (နတလ ရန်ပုံငွေ)အသီးသီးတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လင်းခေးခရိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသ

**ရေဦး ဒီဇင်ဘာ ၂၆**
ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးရွာအခြေပြု အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်မြဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ရဲကျော်စွာ ရဲဗလမျိုးအောင်တို့က ကျေးရွာမီးဘေး ကာကွယ်နိုင်ရေးအတွက် ဇိန်ဇွန်း၊ ချမ်းသာ၊ အောင်ကဲ့ဇင်ကျေးရွာတို့သို့ အပေါ့စားမီးငြိမ်းသတ်စက်တစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ အရန်မီးသတ်တပ်ဖွဲ့၌ စေတနာ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၅ နှစ်တိုင်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရန်မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး ဦးဇော်ဝေ၊ ဒုတပ်ခွဲမှူး ဦးမြင့်သိန်းတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများက တစ်လအကြာသင်ယူလေ့ကျင့်တတ်မြောက်ခဲ့မှုကို ပြသသည့်အနေဖြင့် မီးငြိမ်းသတ်နည်းနှစ်မျိုးကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**



# မီးရထားအန္တရာယ်သတိပြုဖွယ်

ရွှေလင်းပြည့်စုံ

မော်တော်ယာဉ်လမ်းကြောင်းကြောင့် လောင်စာဆီ လေလွင့်ပြုန်းတီးသည်။ လေထုညစ်ညမ်းသည်။ ယာဉ်ကြောပိတ်ဆို့သည်။

မြန်မာ့မီးရထားလမ်းကြောင်းကြောင့် အားဆယ်ပါးဖြစ်သည်။ ပို့ဆောင်ရေးလုပ်ငန်းတွင် ရထားသည် သံလမ်းပေါ်တွင် သံဘီးကိုလှိမ့်၍ မောင်းနှင်ရခြင်းကြောင့် မော်တော်ကားက လမ်းကြောင်းပေါ်ထိတွေ့ခြင်းထက် ခုခံအားလျော့နည်းသည်။ မော်တော်ယာဉ်ကဲ့သို့ ရပ်၊ နား၊ ထွက် ခရီးစဉ်မများပါ။ မိုင်နှုန်းပြောင်း၍ မောင်းနှင်ရမှုနည်းသည်။ စွမ်းအင်သုံးစွဲမှုလျော့ပါးသည်။

မီးရထားဖြင့် ကုန်စည်သယ်ဆောင်မှုက မော်တော်ယာဉ်ဖြင့် ကုန်တင်ဆောင်မှုထက် ၁ ဒသမ ၄ ဆမှ ၉ ဆထိ စွမ်းအင်အသုံးပြုကြရသည်။ မော်တော်ယာဉ်အဟောင်းက မော်တော်ယာဉ်အသစ်ထက် ကုန်တစ်တန် တစ်ကီလိုမီတာသယ်ဆောင်မှုတွင် ၁ ဒသမ ၅ ဆမှ ၂ ဒသမ ၅ ဆအထိ စွမ်းအင်သုံးသည်။

**ဖန်လုံအိမ်အာနိသင်လျော့ကျ**

လောင်စာဆီချွေတာမှု၊ လေထုညစ်ညမ်းမှုတွင် နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ကာဗွန်မိုနောက်ဆိုက်ထွက်ရှိမှု၊ ပျံ့နှံ့မှုက မီးရထားသည် မော်တော်ယာဉ်၏ သုံးပုံတစ်ပုံသာဖြစ်သည်။ ဖန်လုံအိမ်အာနိသင်ကို လျော့ကျစေသည်။

မီးရထားက မော်တော်ယာဉ်ထက် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှု နည်းပါးသည်။ အမေရိကန်နိုင်ငံတွင် မော်တော်ယာဉ်က မီးရထားထက် ၁၈ ဆခန့်ပိုမိုသေဆုံးသည်။

ဘူတာရုံက မြို့လယ်ခေါင်တွင်ရှိ၍ မြို့ပြစည်ကားမှုကို ဖြစ်စေသည်။ မီးရထားသည် မြေအသုံးချမှုနည်းသည်။ စဉ်ဆက်မပြတ် တိုးတက်နိုင်သည်။

လူမှုဆိုင်ရာအထောက်အကူပြုမှုတွင် မီးရထားက သာလွန်သည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသာ ကားစီးကြသည်။ လေယာဉ်စီးသူက ပိုနည်းသည်။

**ပတ်ဝန်းကျင်ဆူညံမှုနည်း**

ပတ်ဝန်းကျင်ဆူညံမှုတွင် ရထားက ကားထက်လျော့နည်းသည်။ မီးရထားနှင့် မတော်တဆဖြစ်မှုကြောင့် သေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမှာ ၂၀၁၄ ခုနှစ်မှစတင်၍ ပိုမိုမြင့်တက်ခဲ့သည်။ ၂၀၁၄ ခုနှစ်က သေဆုံးသူ ၁၄ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၂၇ ဦးဖြစ်သည်။ ၂၀၁၃ ခုနှစ်က သေဆုံးသူ ၁၃ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၃၂ ဦးဖြစ်သည်။ မတော်တဆဖြစ်ပွားမှုတွင် သေဆုံးရသူများသည် သတိမမူ လမ်းဖြတ်ကူးခြင်းကြောင့် အများဆုံးဖြစ်ပြီး အရှိန်ဖြင့် ရထားပေါ်ခုန်တက်၊ ခုန်ဆင်းမှု၊ ရထားသံလမ်းပေါ် အိပ်မှုတို့ကြောင့်ဖြစ်ရသည်။ သတိပေးတားမြစ်ချက်ပြုထားသော်လည်း လိုက်မှုအားနည်းသည်။ ရထားလာ၍တားလည်း အတင်းဖြတ်သည်။ လိုက်နာမှုမရှိ။ ရထားလမ်းပိုင်း၌ ရန်ကုန်-ဒါးပိန်တွင် ခုနစ်မှု၊ ရန်ကုန်-ဥက္ကံတွင် ခုနစ်မှု၊ ဆင်ခြေဖုံးမြို့ပတ်တွင် ၁၇ မှု၊ လှိုင်သာယာ-ညောင်တုန်းတွင် ၁၄ မှု၊ စစ်တွေ-ရေချမ်းပြင်တွင် သုံးမှုဖြစ်ခဲ့သည်။

စစ်ကိုင်း-မြစ်ကြီးနားမီးရထားလမ်းတစ်လျှောက်တွင် အန္တရာယ်ရှိသော တံတားများကို ခရီးသွားများ သတိပြုသင့်သည်။ အထက်အညာပိုင်းတွင် အများပြည်သူများက မြန်မာ့မီးရထား နေ့စဉ် အစုန်/အဆန် ပြေးဆွဲမှုကို အဓိကအားထားနေကြရသည်။ စစ်ကိုင်း ရွှာထောင်ဘူတာမှ အထက်ပိုင်းသို့ လိုက်ပါစီးနင်းကြသော ခရီးသည်များမှာ မီးရထားလက်မှတ်အခက်အခဲ၊ နေရာထိုင်ခုံအခက်အခဲ၊ ငွေကြေး အခက်အခဲများကြောင့် မိမိတို့သွားလိုသောခရီးသို့ ရောက်ရှိကြရန် အတက်အဆင်းတံခါးပေါက်များတွင် လိုက်ပါစီးနင်းကြခြင်း၊ တွဲဆိုင်းများအကြား လိုက်ပါစီးနင်းကြခြင်း၊ သစ်လုံးတွဲ၊ ဆီတွဲ၊ ပက်လက်တွဲနှင့် ကုန်တွဲများပေါ်မှ လိုက်ပါစီးနင်းကြသည်။

မိမိလိုရာခရီးစဉ်သို့ ရောက်ရှိကြရန် အဆင်ပြေသလို စီးနင်းလိုက်ပါကြရာ ခရီးသည်များအနေဖြင့် မလိုလားအပ်သော ဘေးအန္တရာယ်များကို ရင်ဆိုင်ကြရသည်။

ရွှာထောင်ဘူတာမှ မြစ်ကြီးနားခရီးလမ်းတစ်လျှောက်တွင် မြစ်ချောင်း၊ အင်းအိုင်၊ လျှိုမြောင်များအား ဖြတ်သန်းဖောက်လုပ်ရသောကြောင့် ခုံးတံတားများစွာကို ဆောက်လုပ်အသုံးပြုရပြီး ရွှာထောင်-မြစ်ကြီးနားလမ်းပိုင်းအရှည် မိုင် ၅၀၀ ခန့်ရှိသည်။

ရွှာထောင်-မြစ်ကြီးနားလမ်းပိုင်းတစ်လျှောက်တွင် ရထားခေါင်မိုးပေါ် လိုက်ပါစီးနင်းကြသူများ တိုက်မိသဖြင့် သေဆုံးထိခိုက်မှုများ တွေ့ကြုံကြရသည်။

**အန္တရာယ်ရှိသောခုံးတံတား**

အဆိုပါအန္တရာယ်ရှိသောခုံးတံတား ၁၃ စင်းမှာ မဒေါင်းလှနှင့်ထန်းတစ်ပင်ကြား တံတားအမှတ် (၁၄၄)၊ ညောင်ဇင်နှင့်ထန်းကုန်းကြား တံတားအမှတ် (၁၇၁)၊ ထန်းကုန်းနှင့်ကန့်ဘလူကြား တံတားအမှတ် (၁၈၈)၊ ကန့်ဘလူနှင့်ကျွန်းလှကြား တံတားအမှတ် (၂၂၅)၊ ကျွန်းလှနှင့်ပင့်သာကြား တံတားအမှတ် (၂၄၄)၊ ကံကြီးနှင့် ဇော်ချောင်းကြား တံတားအမှတ် (၂၈၁)၊ ကိုးထောင်ဘို့နှင့်ကောလင်းကြား တံတားအမှတ် (၃၀၂)၊ ကောလင်းနှင့်ဝန်းသိုကြား တံတားအမှတ် (၃၂၃)၊ ဘံချောင်းနှင့်မဲဇာကြား တံတားအမှတ် (၄၀၅) နှင့် (၄၀၈)၊ ဆည်ရွာနှင့်အင်းတော်ကြား တံတားအမှတ် (၄၂၃)၊ ဟိုပင်နှင့်နန်းခွင်ကြား တံတားအမှတ် (၆၂၃)၊ နန်းကွေ့နှင့် ပြည်တောင်ကြား တံတားအမှတ် (၇၁၅) တို့ပင်ဖြစ်ကြသည်။

မြန်မာ့မီးရထားတွင် ရထားလမ်းကူးခုံးကျော် (Level Crossing) များ၌ ထိခိုက်မှု၊ ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ခြေကျင်ဖြတ်ကူးသူ၊ ယာဉ်မောင်းနှင်သူများအား သတိပေး၊ ပညာပေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာ့မီးရထားတပ်ဖွဲ့မှလည်း ဒေသအလိုက်၊ ဘူတာရုံအလိုက် နိစ္စဓူဝ ကွင်းဆင်း၍ ခရီးသွား ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားလာမှုအဆင်ပြေချောမွေ့ရေးအတွက် ဆောင်ရွက်လျက် ရှိကြသည်။

ရထားလမ်းကူးများတွင် အလျင်စလိုဖြတ်ကူးခြင်း၊ ရထားလာနေခြင်း ရှိ၊ မရှိကိုဂရုမပြုဘဲဖြတ်ကူးခြင်း၊ ဆင်ခြင်ကင်းမဲ့စွာမောင်းနှင်ခြင်း၊ ဖြတ်ကူးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ လျော့နည်းစေရန် ဆောင်ရွက်သည်။

ရထားလာနေသည်ကို မြင်တွေ့ပါလျက်နှင့် ရထားလမ်းကူးခုံးကျော်များကို အလျင်စလိုမဖြတ်ကူးရန်၊ အလျင်စလိုဖြတ်ကူးပါက ရထားဖြင့်တိုက်မိပြီး သေဆုံးနိုင်ကြောင်း ပညာပေးဆောင်ရွက်သည်။

ခြေကျင်ဖြတ်ကူးသူများသည် ပုဆိုး၊ စောင်၊ ပုဝါများ ပတ်ထားပြီး ရထားလမ်းအနီးကပ်၍ ရပ်မနေရန်၊ ပုဆိုး၊ စောင်၊ ပုဝါများလေဟပ်၍ ရထားနှင့်ငြိပြီးပါသွားလျှင် သေနိုင်သည်။

> “မတော်တဆဖြစ်ပွားမှုတွင် သေဆုံးရသူများသည် သတိမမူ လမ်းဖြတ်ကူးခြင်းကြောင့် အများဆုံးဖြစ်ပြီး အရှိန်ဖြင့် ရထားပေါ်ခုန်တက်၊ ခုန်ဆင်းမှု၊ ရထားသံလမ်းပေါ် အိပ်မှုတို့ကြောင့်ဖြစ် . . .”

**ပညာပေး**

ဂိတ်တံခါးပိတ်ထားစဉ် ဂိတ်ဘေးဝဲ၊ ယာရှိနေရာများမှဝင်၍ ဇွတ်မဖြတ်ကူးရန်၊ ဂိတ်တံခါးအား တွန်းဖွင့်၍လည်းကောင်း၊ မောင်းတံတံခါးအောက်မှ ငုံ့ဝင်၍လည်းကောင်း မဖြတ်ကူးကြရန်၊ ဖြတ်ကူးပါက ရထားဖြင့်ထိခိုက်ပြီး သေဆုံးနိုင်ကြောင်းပညာပေးသည်။

စက်တပ်မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်၊ ထွန်စက်များမောင်းနှင်သူသည် ဂိတ်ပိတ်ထားသည်ကိုမြင်လျှင် ဂိတ်မရောက်မီရပ်ပါ။ အရှိန်ဖြင့် ဂိတ်တံခါးအနီးသို့ ဝင်ရောက်လာခြင်းမပြုပါနှင့်။ အရှိန်လွန်၍ ဂိတ်တံခါးအားတိုက်မိပြီး ထိခိုက်ဒဏ်ရာများ ရနိုင်သည့်အပြင် ရထားတိုက်မိ၍သေနိုင်သည်။

ဂိတ်စောင့်မရှိသော ရထားလမ်းကူးခုံးကျော်များတွင် ဖြတ်မကူးမီရပ်ပါ။ ရထားလာနေခြင်း ရှိ၊ မရှိကို ဘေးဘယ်ညာကြည့်ရှု၍ ရထားဖြတ်သန်းရန်မရှိကြောင်း သေချာမှဖြတ်ကူးပါ။

စက်တပ်ယာဉ်မောင်းနှင်သူများသည် ရထားလမ်းကူးခုံးကျော်များတွင် ဂိတ်စောင့်မရှိခြင်း၊ ဂိတ်တံခါးမပိတ်ခြင်းများတွေ့ရှိပါက ရထားလာနေခြင်းရှိ၊ မရှိ ရပ်တန့်ကြည့်ရှုပြီးမှသာဖြတ်ကူးပါ။ ရထားလာနေသည်ကို တွေ့မြင်လျက်နှင့် လွတ်မည်အထင်နှင့် အလျင်စလိုဖြတ်မကူးပါနှင့်။ ရထားနှင့်မလွတ်ကင်းဘဲ တိုက်မိလျှင် သေနိုင်သည်။

ရထားလမ်းကူးနေရာတွင် ဝဲ၊ ယာမြင်ကွင်းကွယ်နေပါက ရထားလာနေခြင်းရှိ၊ မရှိ သတိမမူဘဲ ဆင်ခြင်ကင်းမဲ့စွာဖြတ်မကူးပါနှင့်။ တိုက်မိပြီးသေနိုင်သည်။

ရထားလမ်းကူးနေရာမရောက်မီ တပ်ဆင်ထားသော ‘သတိပေးဘုတ်တိုင်’များကို ဂရုမပြု သတိမမူဘဲ ဖြတ်မကူးပါနှင့်။ ရထားလာနေသည်နှင့်ကြုံတွေ့ပါက တိုက်မိပြီးသေနိုင်သည်။

ရထားလမ်းအားဖြတ်သန်း၍ တရားမဝင်လမ်းကူးသွားများပြုလုပ်ပြီး ဆင်ခြင်ကင်းမဲ့စွာ မောင်းနှင်သွားလာခြင်းမပြုပါနှင့်။ ရထားနှင့်ထိခိုက်မိပြီးသေနိုင်သည်။

**သံလမ်းပေါ် ဖုန်းပြောခြင်း၊ဂိမ်းဆော့ခြင်းရှောင်ကြဉ်**

ခြေကျင်သွားလာဖြတ်ကူးသူများ၊ ယာဉ်အမျိုးမျိုးမောင်းနှင်ဖြတ်ကူးသူများသည် အစောင့်မရှိသော ရထားလမ်းကူးအား ဖြတ်သန်းသွားလာစဉ် လက်ကိုင်ဖုန်းပြောခြင်း၊ နားကြပ်ဖြင့် သီချင်းနားထောင်ခြင်းများ မပြုလုပ်ပါနှင့်။ ရထားသံကိုမကြားရဘဲ ဖြတ်ကူးမိလျှင် တိုက်မိပြီးသေနိုင်သည်။ အင်တာနက်လိုင်းမိသော သံလမ်းပေါ်တွင် ဖုန်းပြောရာမှ လျှပ်စစ်စီးကြောင်း ဝင်ရောက်မှု သေဆုံးနိုင်သည်။ ထို့ကြောင့် အင်တာနက်လိုင်း မိသည်တစ်ခုတည်းကိုကြည့်၍ သံလမ်းပေါ် မိုဘိုင်းဖုန်းပြောခြင်း၊ ဂိမ်းကစားခြင်းများကို ရှောင်ကြဉ်သင့်သည်။

အဆိုပါညွှန်ကြားချက်များကို မြန်မာ့မီးရထားရဲတပ်ဖွဲ့မှ တပ်သားများက မိမိနယ်မြေယာဒ်အတွင်းရှိ ဘူတာရုံများ၊ ရထားလမ်းပိုင်းများတွင် အစုန်/အဆန် လိုက်ပါ၍ ဆောင်ရွက်နေကြသည်။

မြန်မာ့မီးရထားအန္တရာယ်ကို ခရီးသွားပြည်သူတိုင်းက လေးစားလိုက်နာပါ။ အန္တရာယ်ကင်းသော ခရီးသွားလာမှုဖြင့် မိမိကိုယ်တိုင်လည်းကောင်း၊ မိမိနိုင်ငံအတွက်လည်းကောင်း ကောင်းကျိုးပြုလာနိုင်မည်သာ ဖြစ်သည်။



# စပါးသီးနှံဖွံ့ဖြိုးရေးနှင့် ကျွန်းပတ်တာများထိန်းသိမ်းရေး ပူးပေါင်းကြံဆ ပါဝင်ပေး

သပြေထွန်း

မြစ်ဝကျွန်းပေါ်ဒေသများအတွင်း အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းအား ကမ္ဘာ့ဘဏ် (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်)ဖြင့် ဆောင်ရွက်ခဲ့ရာ စပါး (၁) စီမံကိန်းအား ၁၉၇၆-၁၉၈၅ တွင် ဖျာပုံ၊ လပွတ္တာ၊ ငပုတော၊ ဘိုကလေး၊ ဝါးခယ်မ မြို့နယ်တို့တွင်လည်းကောင်း၊ စပါး(၂)စီမံကိန်းအား ၁၉၇၈-၁၉၉၀ တွင် ကျိုက်လတ်-မအူပင်၊ ဘိုကလေး၊ သံလျင်၊ လပွတ္တာ မြို့နယ်တို့တွင်လည်းကောင်း၊ ကျွန်းပတ်တာများ အသုံးပြုတည်ဆောက်၍ လယ်ယာစိုက်ပျိုးရေးဧရိယာ ဖော်ထုတ်ခြင်း၊ တာပတ်ခြင်း၊ ရေတံခါးရေထုတ်ပြွန် တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းတူးခြင်းနှင့် အခြားသောစိုက်ပျိုးရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရေငန်ဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှ လျော့ပါးသက်သာ၍ ရေချိုထိန်းပေးခြင်း၊ ရေတော် မိုးတော်စိုက်ပျိုးနိုင်ခြင်းများကြောင့် နှစ်ပေါင်းများစွာ စိုက်ပျိုးရေးမအောင်မြင်ခဲ့သော လယ်ယာမြေများအား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် အခြေအနေသို့ရောက်အောင် ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေးအတွက် အရေးအပါဆုံးသော ဒေသတစ်ခုဖြစ်သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းစေရန်နှင့် ဒေသနေပြည်သူများ၏ လယ်မြေများ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် ကျွန်းပတ်တာများဖြင့် လယ်ယာမြေဖော်ထုတ်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသ အထူးသဖြင့် ပင်လယ်နှင့်နီးသောအရပ်ဒေသများရှိ အချို့သော မြေနိမ့်ဒေသတို့သည် ဒီရေတက်ရောက်မှုကြောင့်သော်လည်းကောင်း၊ ရေများ (သို့မဟုတ်) ဆားငန်ရေများ တက်ရောက်ကာ စိုက်ပျိုး၍မရနိုင်လောက်အောင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ထိုကဲ့သောဒေသများတွင် အကျိုးပြုလယ်ယာမြေများ ဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ချောင်း၊ မြောင်းနှင့် ကုန်းမြေအနေအထား မြေပုံအားလေ့လာ၍ ရေငန်ဝင်ရောက်မှုကို ကာကွယ်ရန်အတွက် တာ (Embankment) ပတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်စေရန်ရည်ရွယ်၍ တာပတ်ထားသော ဧရိယာကို ကျွန်းပတ်တာ (Polder) ဟုခေါ်ပြီး ယင်းကျွန်းပတ်တာအတွင်းသို့ မိုးရာသီ၌ ဝင်ရောက်လာသော မိုးရေများကို ရေနုတ်မြောင်း (Drainage Canal)များ တူးဖော်ကာ ရေတံခါး(Discharge Sluice) များမှတစ်ဆင့် အနီးပတ်ဝန်းကျင်ရှိ ချောင်း၊ မြောင်းများထဲသို့ ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ပျိုး၍ရနိုင်သောဧရိယာတစ်ခုဖြစ်ရန် ဆောင်ရွက်လေ့ရှိကြပါသည်။ သို့ဖြစ်၍ ကျွန်းပတ်တာတစ်ခုအတွင်းသို့ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေး ဒီရေတက်ရောက်မှုကြောင့် ဆားငန်ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးအတွက် ကျွန်းပတ်တာများတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေတံခါးများ တည်ဆောက်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း ဆည်မြောင်းအတတ်ပညာဆိုင်ရာပညာရှင်များက ဆိုသည်။

သို့ဆိုလျှင် မြစ်ဝကျွန်းပေါ်ဒေသများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် ကျွန်းပတ်တာများသည် မည်၍မည်မျှ အရေးပါလျက်ရှိသည်ကို ရိပ်စားသိမြင်နိုင်လောက်ပြီဖြစ်သည်။ ထို့ကြောင့် ကျွန်းပတ်တာနှင့်တာများ တည်ဆောက်ထားသည့် မြစ်ဝကျွန်းပေါ်ဒေသအား နည်းပညာအရ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဟူ၍ ပိုင်းခြားသတ်မှတ်ကာ အထက်ပိုင်းတွင် ဟင်္သာတ၊ လေးမျက်နှာ၊ ဇလွန်၊ ငါးသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်၊ ဆကာကြီး၊ ခနေ့ဖြူ၊ ကျောင်းကုန်း၊ အသုတ် စသည့်ဒေသများ၊ အလယ်ပိုင်းတွင် ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ရွှေလောင်း၊ ဝါးခယ်မ၊ မအူပင်၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး စသည့်ဒေသများ၊ အောက်ပိုင်းတွင် ပုသိမ်၊ ဖျာပုံ၊ ဒေးဒရဲ၊ လပွတ္တာ၊ စက်ဆန်း၊ ကျုံကဒွန်းစသည့်ဒေသများဟူ၍ အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးကို စပါး(၁)၊ စပါး (၂) စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စိုက်ပျိုးရေးအောင်မြင်မှုအတွက် ရေချိုအာမခံချက်ရှိသော မြစ်ဝကျွန်းပေါ်ဒေသများ၏ ဖော်ပြပါ အခက်အခဲများမှ ကျော်လွှန်နိုင်စေရေးအတွက် တိုင်းဒေသကြီး သုံးခုရှိ မြို့နယ် (၄၅)မြို့နယ်အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသအတွင်း တာ(Embankment) ပတ်ခြင်း၊ ကျွန်းပတ်တာ (Polder) တည်ဆောက်ခြင်း၊ ရေတံခါး (Sluice) တည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်း (Drainage Canal)တူးဖော်ခြင်းတို့ကို ခေတ်အဆက်ဆက်တွင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**တာပတ်ခြင်း**

မြစ်ရေကြီးမှုကြောင့် ရေလျှံခြင်းကိုလည်းကောင်း၊ ဒီရေတက်ရောက်မှုကြောင့် ဆားငန်ရေဝင်ရောက်ခြင်းကိုလည်းကောင်း ကာကွယ်ရန်အတွက် ကျွန်းပတ်တာတစ်ခုတွင် သတ်မှတ်အမြင့်တစ်ခုဖြင့် တာကို တစ်ပတ်ပတ်မိအောင် တည်ဆောက်ပြီး ကာကွယ်ကြပါသည်။ တာ၏အမြင့်ကို အနီးစပ်ဆုံးမြစ်၊ ချောင်းအတွင်းမှ ကောက်ယူရရှိထားသည့် ရေမှတ်များ၏ အမြင့်ဆုံးရေမှတ်တွင် အန္တရာယ်ကင်းနိုင်သော အမြင့်(Free board) ထပ်ပေါင်းပြီး တည်ဆောက်ကြပါသည်။ စနစ်တကျ ရေမှတ် မှတ်တမ်းနှစ်ရှည်ရှိသော နေရာများအတွက် Statistics နှင့် Hydrology နည်းပညာကို ပေါင်းစပ်၍ အန္တရာယ်ကင်းနိုင်သောအမြင့်ကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူ အဆင့်မြင့်အင်ဂျင်နီယာမှ သတ်မှတ်ပေးလေ့ရှိပါသည်။ ထို Level ကို A.C.L (Authorised Crest Level)ဟု သတ်မှတ်ခေါ်ဆိုပါသည်။

**ရေနုတ်မြောင်း**

တာပတ်ပြီးသည့် ကျွန်းပတ်တာတစ်ခုအတွင်းတွင် မိုးရာသီ၌ ဝင်ရောက်လာသော မိုးရေများကို လယ်ယာသီးနှံအတွက် သင့်တင့်သောရေမျက်နှာပြင် (Required Water Level) တစ်ခုအထိ ထိန်းသိမ်းထားပြီး ပိုလျှံလာမည့်ရေများကို ထုတ်နုတ်ရန် ရေနုတ်မြောင်း (Drainage Canal)များအား ကျွန်းပတ်တာအတွင်း တူးဖော်ရပါသည်။ သို့ဖြစ်၍ ရေနုတ်မြောင်းပုံစံတစ်ခု (Drainage System Design) တွက်ချက်ရန် လိုအပ်ပါသည်။ ထိုဒေသ၏ ရွာသွန်းသော နှစ်စဉ်မိုးရေချိန်နှင့် ကျွန်းပတ်တာအတွင်း စိုက်ပျိုးမည့် လယ်ယာသီးနှံ၏ ရေလိုအပ်ချက်များအပေါ် အခြေခံမှုတည်၍ (Drainage Module)ကို တွက်ရပါသည်။ ထို (Drainage Module) မှာ (Drainage Design) အတွက် အခြေခံကျပါသည်။ ရေနုတ်မြောင်းမှ ရေထုတ်နိုင်စွမ်းမရှိသော ဧရိယာများမှာ ကျွန်းပတ်တာ၏အလယ်တွင် ခွက်နေသော ဧရိယာများဖြစ်ပြီး ကျွန်းပတ်တာတစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ဧရိယာရှိနိုင်ပါသည်။

**ရေတံခါး**

ကျွန်းပတ်တာအတွင်းမှ ပိုလျှံသောရေများကို ရေနုတ်မြောင်းသုံး၍ ကျွန်းပတ်တာ၏အပြင်ဘက်ရှိ အနီးစပ်ဆုံး ချောင်းနှင့်မြစ်များအတွင်းသို့ ထုတ်လွှတ်ရန် ရေတံခါးများ တည်ဆောက်ပေးရပါသည်။ ထိုရေနုတ်ရေတံခါးများမှာ (၁) တာအူကြောင်းပေါ်တွင် တည်ဆောက်လေ့ရှိပါသည်။ Foundation Soil Investigation Result အရလည်းကောင်း၊ မြစ်ကြောင်းကမ်းပါးတိုက်စားမှုရှိသောအခါ၌ ရေတံခါးကို တာအူကြောင်းမှ နေရာလွှဲဆောက်လေ့ရှိပြီး တာအူကြောင်းကို ရေတံခါးအပေါ်မှ ဖြတ်ပိတ်ပေးရသည်လည်း ရှိပါသည်။ (၂) ရေတံခါးများ၏ ရေတံခါးရွက်များမှာ မြစ်ချောင်းဘက်၌ရှိပြီး မြစ်ရေမြင့်တက်မှု၊ ဒီရေ မြင့်တက်မှုရှိလာသောအခါ အလိုအလျောက်ပိတ်သော တစ်ဖက်ဖွင့်ရေတံခါးရွက်များဖြစ်ပါသည်။ (၃) မြစ်ရေ၊ ဒီရေနိမ့်ကျချိန်တွင် ကျွန်းပတ်တာအတွင်းထဲမှ ရေတွန်းအားကြောင့် ရေတံခါးရွက်မှဖြတ်ပြီး အလိုအလျောက်ပွင့်၍ ရေထွက်သွားနိုင်သော တစ်ဖက်ဖွင့် ရေတံခါးရွက်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်ရာတွင် အောင်မြင်မှုအားသာချက်များနှင့် သဘာဝအခြေခံကောင်းများ မြောက်မြားစွာ ပိုင်ဆိုင်ထားသော်လည်း ပင်လယ်မှလည်းကောင်း၊ မြစ်ခွဲမြစ်မွှာများမှလည်းကောင်း ဒီရေနှင့် ဆားငန်ရေများဝင်ရောက်ကာ အချိန်ကာလကြာရှည်စွာ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံရလေ့ရှိရာ ယခုကဲ့သို့ ကျွန်းပတ်တာများ အဓိကထား တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သဖြင့် ယင်းကျွန်းပတ်တာများ၏ အကျိုးကျေးဇူးများအား အထူးသဖြင့် ဒေသနေသူတို့ ပကတိသိမြင်ခံစား အကျိုးပွားလျက်ရှိသည်ဆိုလျှင် မည်သူမျှ ငြင်းအံ့မထင်။



Google မှ ရယူထားသော ကျွန်းပတ်တာများအား တွေ့မြင်ရပုံ။ ဓာတ်ပုံ- အင်တာနက်

"ကျွန်းပတ်တာလို့ပြောလိုက်တာနဲ့ အတွင်းမှာရှိတဲ့ ဧရိယာနယ်ကုန် စိုက်ပျိုးလို့မရပါဘူး။ အဲဒီ့ ကျွန်းပတ်တာ ဧရိယာထဲမှာမှ ပြင်ပရေမဝင်ရောက်နိုင်အောင် ကာကွယ်ထားတဲ့ ရေဘေးကာကွယ်ဧရိယာနဲ့ အကျိုးပြုဧရိယာဆိုပြီး ခွဲခြားသတ်မှတ်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အောက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းတစ်ခုရဲ့ ယေဘုယျ သဘာဝအရတော့ သတ်မှတ်တဲ့နေရာဒေသတစ်ခုကို ကျွန်းပတ်တာဖြစ်အောင် တာပတ်မယ်။ ရေတံခါးတွေဆောက်မယ်၊ မြောင်းတွေတူးမယ် အစရှိသည်ဖြင့်ပေါ့။ အဲဒီအခါ ရေငန်မဝင်ရောက်နိုင်ရန် အဓိကထား ကာကွယ်ပေးထားတဲ့ ရေဘေးကာကွယ်ဧရိယာနဲ့ အမှန်တကယ် စိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့ အကျိုးပြုဧရိယာဆိုတာ ရရှိလာပါတယ်။ ဘယ်နှဧကပေါ့ဗျာ။ အဲဒီမှာ စိုက်ပျိုးဧရိယာတစ်ခုထွက်လာသလို တစ်ပါတည်း မစိုက်ပျိုးနိုင်တဲ့ အနိမ့်ရေဝပ်ဧရိယာဆိုတာလည်း ရှိလာပါတယ်။ ဒီဧရိယာကတော့ ကျွန်းပတ်တာအတွင်းမှာဖြစ်ပေမယ့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးဖို့ခက်ခဲတဲ့ အင်း၊ အိုင်၊ ချောင်း၊ မြောင်း၊ ကျင်း၊ ချိုင့်၊ အနိမ့်အဝှမ်းတွေဖြစ်နေလို့ပါ။

အခု နာဂစ်နောက်ပိုင်းနှစ်တွေမှာက မိုးတွင်းဘက်ကျရင် စပါးတွေရေမြုပ်တယ်၊ ရေမြုပ်တယ် ဆိုတဲ့အသံတွေ ခဏခဏကြားကြားနေရပါတယ်။ ရွာသွန်းမြဲမိုးရေချိန်ထက် ထူးထူးခြားခြားကျော်လွန်လို့ အမှန်တကယ်မိုးကြီးလို့ ရေနစ်တာရှိသလို စောစောက ရှင်းပြခဲ့တဲ့အတိုင်း စိုက်ပျိုးရေးဧရိယာမဟုတ်တဲ့ ရေဝပ်ဧရိယာထဲထိ တိုးချဲ့စိုက်ပျိုးပြီး ရေနစ်တော့ အော်နေကြတာလည်းရှိပါတယ်။ စီမံကိန်းက စိုက်ဧရိယာခေါ် အကျိုးပြုဧရိယာ ၂၀၀၀ ဧကသတ်မှတ်ထားရင် ၂၀၀၀ ဧကပဲ စိုက်ပျိုးဖို့လိုပါမယ်။ ကျွန်းပတ်တာဆိုတာနဲ့ ကျွန်းတွင်းဧရိယာအနှံ့ နယ်ကုန်စိုက်ပျိုးလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ စိုက်ပျိုးလို့မရနိုင်၊ မအောင်မြင်နိုင်တဲ့ အနိမ့်အဝှမ်းတွေ၊ ရေနစ်ဧရိယာတွေဆိုတာ ကနဦးထဲက ရှိပြီးသားဆိုတာ လယ်သမားတွေအနေနဲ့ နားလည်ထားဖို့ လိုပါလိမ့်မယ်။ ကျွန်တော်တို့ ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး)ရဲ့ လုပ်ငန်းတာဝန်တွေအရတော့ စီမံကိန်းက အကောင်အထည်ဖော်သွားတဲ့အပေါ်မှာ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီအောင်နဲ့ ကြာရှည်တည်တံ့အောင် လယ်သမားတွေရဲ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအပေါ်မှာ စီမံကိန်းတစ်ခုရဲ့ စီမံကိန်းအကျိုးသက်ရောက်မှုကာလက ပျမ်းမျှနှစ် ၃၀ သတ်မှတ်ထားတာဆိုတော့ ပြန်ကြည့်မယ်ဆိုရင် အခုကျွန်တော်တို့ထိန်းသိမ်းပေးထားတဲ့ စပါး(၁)၊ (၂) စီမံကိန်းဝင်အဆောက်အအုံတွေနဲ့ ကျွန်းပတ်တာတွေရဲ့သက်တမ်းက သတ်မှတ်တဲ့ဒီဇိုင်းကာလ နှစ် ၃၀ မက ကျော်လွန်နေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

အကျိုးသက်ရောက်မှု ကာလကျော်လွန်နေတဲ့ ဒီကျွန်းပတ်တာတွေမှာ ရာခိုင်နှုန်းပြည့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းဖို့နဲ့ ဘက်စုံဖွံ့ဖြိုးဖို့ဆိုရင် အခြေခံပြောင်းလဲဖို့နဲ့ အကြီးစားပြောင်းလဲဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်တွေ ထမြောက်အောင်မြင်ဖို့အတွက်ကလည်း နိုင်ငံတော်အစိုးရနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကဦးဆောင်ပြီး ဆက်စပ်ဌာနများ၊ နိုင်ငံတကာပညာရှင် အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်မှသာ ကျွန်းပတ်တာများ အသစ်တဖန် ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က သုံးသပ်ပြောကြားသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ သဘာဝလိုအပ်ချက်အရ စိုက်ပျိုးရေး အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်စေရန် တည်ဆောက်ပြီး ကျွန်းပတ်တာများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာ လိုအပ်သောကျွန်းပတ်တာများအားလည်း လိုအပ်သည့်ဒေသတွင် ထပ်မံတည်ဆောက်၍ လယ်ယာကဏ္ဍကို ဆက်လက်ဖော်ထုတ်မြှင့်တင်လုပ်ကိုင်ရန် စိုက်ပျိုးမြေဧရိယာများ ကျန်ရှိနေသေးသည်ဖြစ်ရာ နိုင်ငံတော်နှင့် တာဝန်ရှိသူအသီးသီးမှ လူအား၊ ငွေအား၊ နည်းပညာအားများဖြင့် လက်ရှိအခြေအနေထက် အရှိန်အဟုန်မြှင့်တင်သွားမည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရုံမျှမက ရိက္ခာဖူလုံမှု ပိုမိုတိုးတက်လာမည်မှာ သေချာသော လုပ်ငန်းမျှော်မှန်းချက်တစ်ရပ်ဖြစ်လာပေမည်။

အရှေ့တောင်အာရှရှိ မြစ်ဝကျွန်းပေါ်ဒေသများအနက် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရွာသောမိုးရေချိန်သည် အများဆုံးဖြစ်၍ ပျမ်းမျှလက်မ (၁၀၀) ကျော်ခန့်ရှိရာ စိုက်ပျိုးရေးအတွက်လိုအပ်သော ရေအရင်းအမြစ်ကိုလည်း ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှုအညွှန်းကိန်းများလည်း အလျင်အမြန်တိုးတက်လာမည်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် နွေစပါး၊ မိုးစပါးအပါအဝင် စိုက်ပျိုးရေးကဏ္ဍများ ဆောင်ရွက်ရာ၌ ဒေသ၏သဘာဝအရ ခက်ခဲမှုများရှိသော်လည်း ယခုကဲ့သို့ကျွန်းပတ်တာများ ရေတံခါးများနှင့် ရေနုတ်မြောင်းများ တည်ဆောက်တူးဖော်ပေးလျက်ရှိရာ ပင်လယ်ရေဝင်ရောက်မှုမှကာကွယ်နိုင်ခြင်း၊ ရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေခြင်းနှင့် ရေချိုထိန်းထားနိုင်ခြင်းများအပြင် အခြားသော ရေမြေသဘာဝအရင်းအမြစ်များ ပိုင်ဆိုင်ရရှိထိန်းသိမ်းထားပြီးဖြစ်သဖြင့် ဧရာဝတီ၏စပါးကျီဟူသော ပြည်သူကပေးသည့်ဂုဏ်ပုဒ်အား ဒေသနေသူတို့နှင့် တာဝန်ရှိသူအသီးသီးတို့က ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေဟု အကြံပြုရေးသားလိုက်ရပါသည်။

ကြော်ငြာ

## သီတဂူဆွေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇန်နဝါရီလ ၁၄၊ ၁၅ (၇၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်လက်ခံ၍ ဇန်နဝါရီလ ၁၄၊ ၁၅ ရက်များတွင် ၇၄-ကြိမ်မြောက် ဦးရေ (၉၄၁၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူဆွေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ဆွေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေဘိုမီး။ (ကျိုက္ကဆံစေတီပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စနေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## (၇)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် နှင့် မွေးနေ့မင်္ဂလာ ဆုမွန်ကောင်းတောင်းလွှာ

ဦးရဲဝင့်ထွဋ်တင် (မန်နေးဂျင်းဒါရိုက်တာ-နောင်ရိုးနည်းပညာများကုမ္ပဏီလီမိတက်) + ဒေါ်ခိုင်သက်မွန် (ဒါရိုက်တာ-နောင်ရိုးနည်းပညာများကုမ္ပဏီလီမိတက်)တို့၏ (၂၇. ၁၂. ၂၀၁၆)ရက်နေ့တွင် ကျရောက်သော (၇)နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည် နှင့် (၂၇. ၁၂. ၂၀၁၆)ရက်နေ့တွင် ကျရောက်သော ဦးရဲဝင့်ထွဋ်တင် (မန်နေးဂျင်းဒါရိုက်တာ)၏ (၃၈)ပြည့်မွေးနေ့ မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်မှုအပေါင်းနှင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြီးပြည့်စုံသော အနာဂတ်ကို စိတ်တူ၊ ကိုယ်တူ ဆက်လက်၍ လျှောက်လှမ်းနိုင်ပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နောင်ရိုးနည်းပညာများကုမ္ပဏီ မန်နေဂျာ နှင့် ဝန်ထမ်းများ (နေပြည်တော်ရုံး)

## TAUNGGYI MULTI -TRADE EXHIBITION

Date - 20. Jan . 2017 To 23. Jan. 2017

Time - 9:00 Am To 9:00PM

Venue - City Hall (Taunggyi)

ပျော်ပြေရေး အစီအစဉ်များ

အထူး ကံစမ်းမဲ အစီအစဉ်များ

အခမဲ့ ယာဉ်ရပ်နားခ

အခမဲ့ ဟောပြောပွဲများ

Building- A-5+1, Room-3G, Parami Condo, Hlaing Tsp, Yangon.

09432 00586, 09 421034 844 , 09425018101, 09 420101 316, 09 420050922

## ကား မျိုးစုံ

Alphard, Hiace ၉/၁၃ယောက်စီး အနံတတ်၊ ၂၄/၃၃/၃၅/၄၅/၄၉ယောက် စီးများကိုနေ့စဉ်အမြဲမြဲအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် သာသောသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။

Ph: 09795549249,095418126

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

ပြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကား မျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-250095114

09-421041338

09-73224763

"Better English For a Smarter Life"

## ဦးရဲဇော်လတ် M.A(UFL)

APPLIED GRAMMAR & SPOKEN ENGLISH

SPECIAL ENGLISH COURSES

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills

စာရင်းသွင်းနိုင်ပြီ

✣ ၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။

09-73175231, 09-5057138

## ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်အလောက်မှ ၅မိနစ် သဘော်စီး၊

ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်း ရှိသည်၊ မီးပျက်လျှင်မီးစက်မောင်းသည်၊

(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်၊

☎ ၀၁ ၂၆၉၁၅၅

၀၉ ၂၅၀၆၆၇၀၂၈

၀၉ ၄၉၂၆၂၇၅၉

၀၉ ၂၅၂၀၈၂၇၃၃

၁၁၀၀၀ ကျပ်

၁၅၀၀၀ ကျပ်

"ရွှေစည်"

အိမ်ပြောင်း၊ အိမ်ရွှေ့ ကုန်စည်ပို့ဆောင်မှု

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122025, 09-253065979

## မာစီဒီး GL 550 (4MATIC) ရောင်းမည် (သိန်း ၉၅၀)

အဖြူရောင်၊ V 8 အင်ဂျင်၊ 2007 မိုဒယ်၊ ခါတ်ဆီ၊ SUN ROOF၊ MOON ROOF၊ နောက်ဖုံးအော်တို၊ နောက်ထိုင်ခုံတန်းအော်တို၊ ခုံ ၃တန်း။ ဘယ်မောင်းSUV

ဆက်သွယ်ရန် - 0943021001




ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း)နှင့် ဝါရင့်ဆရာကြီးများကိုယ်တိုင် ဦးစီးသင်ကြားသော

UMG COLLEGE မှဖွင့်လှစ်သည့် HND (UK) သင်တန်းများ

- Business Management
- Information Technology
- Mechanical Engineering
- Civil Engineering
- Electrical and Electronic Engineering

သင်တန်းပြီးဆုံးသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းခွင်လက်တွေ့ Internship Training ပါ ပြုလုပ်ပေးမည့် အခွင့်အရေးကို ရယူဖမ်းဆုပ်လိုက်ပါ။



UK, Australia, Singapore အစရှိသော နိုင်ငံတကာတက္ကသိုလ်များတွင် Top-up Course များကို ဆက်လက် တက်ရောက်နိုင်ပြီး UK Bachelor Degree ဘွဲ့ကို ရယူနိုင်မည့် အခွင့်အရေး

သီရိမင်္ဂလာဈေးဟောင်း၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၂၁၅၆ ၇၀–၉ (လိုင်းခွဲ – ၂၁၃ ၊ ၂၁၉ )

မိုဘိုင်း – ၀၉ ၉၇၇၀ ၁၅၁၃၆ ၊ ၀၉ ၉၇၇၀၁၅၂၀၂ ၊ ၀၉ ၂၅၆၄ ၅၀၀၅၉

HND edexcel Approved Centre

www.facebook.com/umgcollege

Website: www.umgcollege.com

## Condo အသစ်ငှားမည်

(26) ထပ်၊ (1732.94sqft)

GOLDEN CITY Condominium

Ph:09-973500268

09-250499649

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၂၀×၆၀)၊ တစ်ထပ်ပျဉ်ထောင်၊ အရှေ့လှည့်၊ သာကေတ (၄)တောင်ရပ်ကွက်၊ မြို့မ(၇)လမ်း၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းမရှိ၊ မျက်နှာချင်းဆိုင် မီးတားရေကန်သာရှိ၊ ကားပါကင် (၃)စီးစာရနိုင်။

သက်သာသော မြေညီတိုက်ခန်းဈေးနှုန်းနှင့် ရောင်းမည်။

ပတ်ဝန်းကျင်ကောင်း၊ ရပ်ကွက်သန့်သည်။

ဖုန်း-၀၉-၄၃၂၀၂၀၁၆

## စံပယ်

အိမ်ခြံမြေ အကျိုးဆောင်


ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

Ph:09-5006848

09-43055374


## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHANICAL CAR PARKING










TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon

T: 09.259.81.36.36

: 09.259.81.37.37

: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


SPRING LINE
★ Hlaing River Landmark ★
8th Jan 2017
Body Structure ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနား
ဆောက်လုပ်မှုပြီးစီးသော PROJECT မှသာ
လူကြီးမင်းတို့အတွက် အာမခံနှင့်
ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ကို အခိုင်အမာဖြစ်စေပါသည်
*FREEHOLD LAND
*BUILDING COMPLETED 80%
*NEW CITY CENTER
*ROOM UNIT VARIABLE
VIP Customers များအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
Booking Date မှ 8 JAN 2017 နေ့ထိရယူလိုက်ပါ၊
Special Offer For Vip Customer
100,000 Ks/day
Valid From Booking Date Till To 8th Jan 2017
The Earlier You Book
The More You Get
Hlaing River
Aung zaya Bridge
Bayint Naung Bridge2
Bayint Naung Bridge
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၀ ) လှိုင်မြစ်လမ်း ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
( ပေါက်တောဝ မီးပွိုင့်မှ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline complex
Shwe Oak Khai Construction Co.,Ltd.

















သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ရခိုင်ပြည်နယ်အတွင်း NVC ကတ် ထုတ်ပေးခြင်းနှင့် သုံးမျိုးစာရင်းကောက်ယူခြင်းဆိုင်ရာ သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်သူများကို ထုတ်ပေးထားခဲ့သော ယာယီသက်သေခံလက်မှတ်များ၏ သက်တမ်းသည် ၂၀၁၅ ခုနှစ် မေ ၃၁ ရက်တွင် ကုန်ဆုံးသဖြင့် ၎င်းနေ့ရက်မတိုင်မီ လာရောက်အပ်နှံကြရန် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညွှန်ကြားချက်အရ ပြန်လည်အပ်နှံရမည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူပေါင်း ၇၅၉၆၇၂ ဦး ရှိသည့်အနက် သတ်မှတ်နေ့ရက်အတွင်း ပြန်လည်အပ်နှံသူပေါင်း ၄၆၉၁၈၃ ဦး ရှိခဲ့ကြောင်း၊ စိစစ်ချက်အရ ပြန်လည်မအပ်နှံနိုင်သူများမှာ အခြားကတ်တစ်မျိုးမျိုး ရရှိပြီးသူများ၊ ပျောက်ဆုံး/ပျက်စီးသူများ၊ သေဆုံးသူများ၊ ဒေသကင်းကွာ(ပြည်ပ)သူများနှင့် အပ်နှံခြင်းမပြုသေးသူများဖြစ်ကြောင်း သိရှိရသည်ဟု ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းယာယီသက်သေခံလက်မှတ်များအစား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification) ထုတ်ပေးခြင်းလုပ်ငန်းကို သုံးမျိုးစာရင်းကောက်ယူခြင်းလုပ်ငန်းအဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသက်သေခံကတ်ပြားများ ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်နေဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် အသိအမှတ်ပြုနိုင်ရန်ဖြစ်ကြောင်း သိရသည်။

သုံးမျိုးစာရင်းကောက်ယူခြင်းလုပ်ငန်းများဖြစ်သည့် မြေပုံရေးဆွဲခြင်း၊ မြေပုံပေါ်တွင် အဆောက်အအုံများတင်ခြင်းနှင့် လူဦးရေစစ်ဆေးခြင်းလုပ်ငန်းများဖြင့် Identity Card for National Verification ကတ်ပြားများ ထုတ်ပေးနိုင်ရေးအား ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အထိ အခြေအနေမှာ တစ်နိုင်ငံလုံး အတိုင်းအတာအရ

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**


ကြက်မောက်တောင်ဆည် ရေပြင်ကျယ်မြင်ကွင်း။

# မြန်မာအမျိုးသမီးအသင်း ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မကြာမီရောက်ရှိတော့မည့် ၂၀၁၇ ခုနှစ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် စိန်ခေါ်မှုများစွာရင်ဆိုင်ရမည့် အရေးပါသည့်နှစ်တစ်နှစ်ဖြစ်သည်။ အာရှအဆင့် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၈ အာရှဖလားအမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သလို အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲနှစ်ခုဖြစ်သည့် အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နည်းပြ ရော်ဂျာရိုင်နာလက်ထက်တွင် မြန်မာအမျိုးသမီးအနေဖြင့် အောင်မြင်မှုရယူနိုင်ခြင်း ရှိ၊ မရှိ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများက အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ◯**



# တောင်သူလယ်သမားများအတွက် အကျိုးပြုနေသည့် ကြက်မောက်တောင်ရေလှောင်တမံ

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံလယ်ယာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်ရေကို ဆည်မြောင်းတာတမံများဆောက်လုပ်၍လည်းကောင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့်လည်းကောင်း၊ ရေလျှံတွင်းများဖြင့်လည်းကောင်း အမျိုးမျိုးရေပေးဝေနေသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသများရှိ ကျေးရွာများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေသယံဇာတများကို စဉ်ဆက်မပြတ်ဖော်ထုတ်ဆောင်ရွက်ပေးနေသည်။

မန္တလေးတိုင်းဒေသကြီး မိုးနည်းရေရှားဒေသတွင် ပါဝင်သည့် ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးနေသောဧရိယာများ ရေလုံလောက်စွာပေးဝေနိုင်ရန်နှင့် သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ကြက်မောက်တောင်ရေလှောင်တမံ၊ ပင်းချောင်းရေလှောင်တမံ၊ တောင်ရေ ရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံတို့ကိုတည်ဆောက်ပေးခဲ့သည်။

ကြက်မောက်တောင်ရေလှောင်တမံကို ၁၉၆၁ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၆၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ကြက်မောက်တောင်ဆည်ကို ကျောက်ပန်းတောင်းမြို့ အရှေ့ဘက်မကြီးကိုင်းကျေးရွာအနီးတွင် တောင်ဇင်းချောင်းနှင့် ကျောက်ပုံချောင်းတို့ကိုပိတ်၍ ရေလှောင်တမံတည်ဆောက်ခဲ့သည်။ ကြက်မောက်တောင်ဆည်မှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၁၁၂ ဒသမ ၅ပေ၊ အလျားပေ ၈၅၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၃၁၀၀၊ ရေပိုလွှဲအမျိုးအစား R.C BROAD CREST-CHUTE TYPE ဖြစ်သည်။ ရေပိုလွှဲအကျယ်ပေ ၃၀၀၊ ရေထုတ်ပြွန်အမျိုးအစား သံကူကွန်ကရစ်ပိုက်၊ ရေထုတ်ပြွန်အရွယ်အစား အချင်း ခုနစ်ပေ၊ ရေထုတ်ပြွန်အလျား ၄၃၄ ပေ၊ တူးမြောင်းမကြီးနှစ်ခု၊ တူးမြောင်းမကြီးအလျား ၁၉ မိုင်၊

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖**

